# ကြေးမုံ

**The Mirror**

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ စနေနေ့၊ (26-5-2012)(၇၁၃၂)


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပိုပြီးလုပ်သာကိုင်သာရှိသည့်အစီအစဉ်များ ဆောင်ရွက်ပေးနေ ၂၀၁၅ ခုနှစ်တွင် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပါဝင်ဆင်နွှဲရတော့မည် ရလာမည့်အခွင့်အလမ်းများကို ပိုင်ပိုင်နိုင်နိုင်အသုံးချနိုင်ရန်နှင့် တွေ့ကြုံရမည့်အခက်အခဲများကို ကျော်လွှားနိုင်ရန် ပြင်ဆင်ထား

နေပြည်တော်　　　မေ　　　၂၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

အဆိုပါစုံညီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ရန် ယနေ့ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်မှာ အဓိက လိုအပ်ချက်ဖြစ်သကဲ့သို့ နိုင်ငံစီးပွားရေး **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)


ယနေ့ သတင်းအညွှန်း

**အမေရိကန်နိုင်ငံ၏ စွမ်းအင်ထုတ်လုပ်မှု ပြည်ပနိုင်ငံများအပေါ် မှီခိုမှုအဆုံးသတ်မည်**

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

**အများပြည်သူသုံး သန့်စင်ခန်းများတွင် ယင်ကောင်နှစ်ကောင်ထက် ပိုမရှိရဉပဒေ ပေကျင်း၌ထုတ်ပြန်**

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

**ဘာစီလိုနာမှ ဒန်နီအယ်ဗက်အား ခေါ်ယူရန် မန်စီးတီးအသင်း အသင့်ရှိနေ**

နိုင်ငံတကာအားကစားသတင်း စာမျက်နှာ - ၁၀

ကြေးမုံစာတည်းရှုထောင့်

၂၆-၅-၂၀၁၂[စနေနေ့]။

# ဆန္ဒစွဲ၊ အတ္တစွဲမပါသည့် အများအကျိုး

လူ့စွမ်းအားအရင်းအမြစ်ဆိုသည်မှာ ယခုပျိုးထောင်၊ ယခုဖြစ်လာသော ကိစ္စမဟုတ်ချေ။ စီမံကိန်းများရေးဆွဲ၍ ငါးနှစ်စီမံကိန်း၊ ၁၀ နှစ်စီမံကိန်း၊ ၁၅ နှစ်စီမံကိန်းဟူသည့် စီမံကိန်းကာလများသတ်မှတ်ကာ ထိထိရောက်ရောက်ဆောင်ရွက်မှ၊ စီမံကိန်းနှင့် လက်တွေ့တစ်ထပ်တည်းကျမှ ရည်မှန်းချက်အောင်မြင်မည်ဖြစ်သည်။

စီမံကိန်းလည်းမရေးဆွဲ၊ လက်တွေ့လည်းအကောင်အထည်မဖော်၊ စီမံကိန်းတော့ရေးဆွဲသည် လက်တွေ့တွင် အကောင်အထည်မဖော်၊ အကောင်အထည်တော့ဖော်သည် ပီပြင်အောင်မဆောင်ရွက်၊ စီမံကိန်းလည်းရေးဆွဲ၊ အကောင်အထည်လည်းဖော် သို့သော် စဉ်ဆက်မပြတ်ဆက်လက်မဆောင်ရွက်စသည့် အဆိုပါဆောင်ရွက်ပုံနည်းကားများသည်။ လုပ်ငန်းပိုင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖြစ်ထွန်းရေးအတွက် အချို့မှာ လေထဲတွင် တိုက်အိမ်ဆောက်သကဲ့သို့၊ အချို့မှာ ကောက်ရိုးမီးကဲ့သို့ အကောင်အထည်မပေါ်သော လုပ်ဆောင်မှုများဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အတွေ့အကြုံရှိသူများ၏ စွမ်းအားဖြင့် ပျိုးထောင်သည်လည်းရှိသည်။ နိုင်ငံတကာစွမ်းအားများကို ရယူသည်လည်းရှိသည်။ အောင်မြင်တိုးတက်နေသော နိုင်ငံတကာမှ အတုယူဖွယ်ရာများကို ယူသည်လည်းရှိသည်။ ကိုယ်တိုင်တွေ့ခဲ့၍ ကောင်းပါသည်လည်း ပြောသည်။ ထိုကောင်းကြောင်း မှတ်တမ်းမှတ်ရာများလည်းရှိသည်။ ကောင်းမှန်းလည်းသိသည်။ သို့သော်လက်တွေ့တွင် အကောင်အထည်မဖော်နိုင်ပါ။

မိမိတို့၏နယ်ပယ်တစ်ခုအတွက် နမူနာယူစရာများကို လွန်ခဲ့သည့် နှစ် ၂၀ လောက်ကတွေ့ခဲ့ရပါသည်။ အကောင်အထည်မဖော်ဖြစ်ပါ။ နောက် ၁၀ နှစ်အကြာကလည်း တွေ့ခဲ့ရပါသည်။ အကောင်အထည်မဖော်ပြနိုင်ပါ။ မနှစ်တစ်နှစ်ကလည်း တွေ့ခဲ့ရသည်။ အကောင်အထည်မဖော်သေးပါ။ ယခုလည်း တွေ့ခဲ့ရသည်။ ဘာမျှမထူးသေးပါ။ အကယ်၍လွန်ခဲ့သော အနှစ်၂၀၊ ၁၀နှစ်က ပြုပြင်ပြောင်းလဲဖော်ဆောင်ခဲ့ပါလျှင် ယခုတော့အောင်မြင်မှုကို ခံစားနေလောက်ပြီ။

ကုန်ဆုံးခဲ့သောအချိန်များအတွက် နှမြောလှသည်။ အဘယ်ကြောင့် မပြောင်းလဲနိုင်ခဲ့ပါသနည်း။ ရိုးရိုးစင်းစင်းတင်ပြရလျှင် အတ္တစွဲမပြုတ်သောကြောင့်သာတည်း။ အတ္တသည် ငါ့အတွက်သာဖြစ်သည်။ ထိုပုဂ္ဂိုလ်အတွက် အပြစ်တင်ကောင်း တင်ရမှန်းလည်းမရှိ။ အကြံပြု၍လည်းမနိုင်။ ကျွန်ုပ်တို့ လူငယ်လူရွယ်များဘဝမှာမူ အသက်ကြီးခြင်း၊ အချိန်ကုန်ဆုံးခြင်းတို့သည်သာ အဖတ်တင်ခဲ့ပါသည်။

သင်ခန်းစာယူဖွယ်ဖြစ်စဉ်မှာ လွန်ခဲ့သော အနှစ် ၂၀ ခန့်က နိုင်ငံရပ်ခြားသို့စေလွှတ်နိုင်သော အခွင့်အရေးရှိသူတစ်ယောက်ရှိသည်။ နိုင်ငံရပ်ခြားသို့သွားရောက်မည်ကြုံတိုင်း အခြားသူများမှာ အရည်အချင်းမရှိ၍ ကိုယ်တိုင်ပင် နိုင်ငံရပ်ခြားသို့အကြိမ်ကြိမ်သွားရောက်ခဲ့သည်။ သွားရောက်ခဲ့သည့် အကြိမ်အရေအတွက်မှာ နှစ်ပေါင်း ၁၀ နှစ်ကျော်အတွင်း အကြိမ် ၃၀ ထက်မနည်းရှိမည်။ သို့သော် လုပ်ငန်းမှာနှစ်ပေါင်းကြာညောင်းခဲ့သော်လည်း ဒုံရင်းအတိုင်းပင်ဖြစ်သည်။

အရည်အချင်းမပြည့်သဖြင့် ဘာသာစကားကျွမ်းကျင်သူများကို မွေးထုတ်ပေးခဲ့ခြင်းလည်းမရှိပေ။ နိုင်ငံတကာမှ အတုယူဖွယ်ရာများ၊ တိုးတက်ရာတိုးတက်ကြောင်းများသည် အများစုအတွက်မရရှိခဲ့ဘဲ တစ်ဦးတည်းသာရရှိခဲ့သည်။ ရရှိသည့်အတွေ့အကြုံကို ဖလှယ်ခြင်းလည်းမရှိ။ မျှဝေပေးခြင်းလည်းမရှိခဲ့ချေ။ အများသွားနိုင်အောင်လည်း ဖန်တီးပေးခြင်းလည်းမရှိချေ။ အခြားကျွမ်းကျင်တတ်မြောက်သူတို့လည်း လမ်းခွဲကာ အခြားအခြားသောနေရာများသို့ ထွက်ခွာသွားခဲ့ကြသည်။

အနှစ် ၂၀ ကြာမြင့်ပြီးသောကာလရလဒ်မှာ ထိုလုပ်ငန်းတွင် လူ့စွမ်းအားအရင်းအမြစ်များ ခါးဆက်ပြတ်သွားခြင်းသာအဖတ်တင်ခဲ့သည်။ နှစ်ပေါင်း ၂၀ ကြာမြင့်ခဲ့သော်လည်း လုပ်ငန်းမှာတိုးတက်ပြောင်းလဲခြင်း၊ လူ့အရင်းအမြစ်များရှားပါးခြင်းတို့ဖြစ်ခဲ့ရာ မည်သူ့ကို အပြစ်တင်ရမှန်း မသိဘဲ အဟောသိကံဖြစ်ခဲ့ရတော့သည်။ ကုန်ဆုံးခဲ့ရသော အချိန်ကာလများသည် သာမန်အားဖြင့် ထိုလုပ်ငန်းလေးတစ်ခုတည်းသာဟု တွေးထင်စရာရှိသော်လည်း အလားတူဖြစ်ရပ်များရှိခဲ့သောကြောင့် တိုင်းပြည်ခေတ်နောက်ကျခဲ့ရသည့်ဖြစ်စဉ်မှာ မျက်မြင်ထင်ရှားဖြစ်သည်။

ထို့ကြောင့် အများအကျိုးကိုမရည်မျှော်သည့် မိမိဆန္ဒစွဲ၊ အတ္တစွဲများမှာ ခေတ်နောက်ကျခြင်းနှင့်အတူ ကျန်ရစ်ခဲ့ပြီးဖြစ်၍ ယနေ့ကာလကဲ့သို့ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေသောအခါသမယ၌ မိမိ၏ ဆန္ဒစွဲ၊ အတ္တစွဲတို့ကိုရှေ့တန်းမတင်ဘဲ အများအကျိုးကိုရည်မျှော်ကာ နိုင်ငံသစ်ကို ထုဆစ်ပုံဖော်ကြရမည်သာ ဖြစ်ပါသည်။ ။

# ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအား ဧည့်သည်အဖွဲ့ တွေ့ဆုံ

**ရန်ကုန် မေ ၂၅**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျာမနီနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန အရှေ့တောင်အာရှ ဌာနအကြီးအကဲ Mrs. Brunhide Vest နှင့်ဂျာမနီနိုင်ငံ ဂျာမန်ဖွံ့ဖြိုးရေး ကူညီထောက်ပံ့ရေးအေဂျင်စီ ညွှန်ကြားရေးမှူးချုပ် Mr. Thomas Waldratt တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဓမ္မစေတီလမ်းရှိ ဆဗွိုင်းဟိုတယ်၌ လာရောက်တွေ့ဆုံသည်။ယင်းသို့ တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဥရောပခရီးစဉ်အတွင်း ဆွေးနွေးခဲ့မှုများအား ဆက်လက်အကောင်အထည်ဖော်ရေး ဆွေးနွေးခဲ့ကြောင်းသိရှိရသည်။**(ယာပုံ)**(သတင်းစဉ်)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၅-၂၀၁၂ (စနေနေ့)

၇း၀၅ တရားတော်
၈း၁၅ မှတ်တမ်း
၁၁း၂၅ ကာတွန်းအစီအစဉ်
-ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၅၉)
၁၂း၀၀ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မှော်ပန်းသီး (ရဲအောင်၊ ပြေတီဦး၊ မိုးဟေကိုနှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)]**
၂း၀၀ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၂၈)**
၄း၁၅ ဇာတ်လမ်းတို
၄း၄၀ ကုန်သွယ်သုတ
၅း၂၀ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၂၀ စားဖိုဆောင်ချစ်သူ
၆း၄၀ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၂၁)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- လူ့ရှင်တော်စတား
- အင်္ဂလိပ်စာသုတ
**- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နေမင်းကဲ့သို့ထွန်းလင်းသော" (အပိုင်း-၂)**
**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရုဏ်ဦးရဲ့လင်းသံစဉ်" (အပိုင်း-၃၀)**

# ငါးအအေးခန်းစက်ရုံများ အခက်ကြုံ

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ငါးအအေးခန်း စက်ရုံပေါင်း ၇၀ ကျော်ရှိပြီး လက်ရှိစက်ရုံ ၂၃ ရုံမှာ လုပ်ငန်းများလည်ပတ်လျက်ရှိသော်လည်း ယခုအခါ လျှပ်စစ်ဓာတ်အား ဖြတ်တောက်ထားမှုကြောင့် အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ အအေးခန်းစက်ရုံများ၌ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖိုးခန့်ရှိ ငါးများ အေးခဲသိုလှောင်ထားပြီး လျှပ်စစ်ဓာတ်အား ဖြတ်တောက်ထားမှုကြောင့် သိုလှောင်ထားသည့် ငါးများပျက်စီးမည့် အန္တရာယ်နှင့် တွေ့ကြုံနေရသည်။ စက်ရုံများ၌ လျှပ်စစ်ဓာတ်အားပေးစက်များ ရှိသော်လည်း အဆိုပါမီးစက်များမှာ ယာယီမီးပျက်ချိန်များ၌သာ အရေးပေါ်သုံးစွဲရန် အရန်ထားခြင်းဖြစ်ပြီး ၂၄ နာရီပတ်လုံး မီးပေးရန်နှင့် နေ့စဉ်ရက်ဆက် မီးပေးရန် မဖြစ်နိုင်ကြောင်း သိရသည်။ အချို့စက်ရုံများရှိ မီးစက်များမှာ နှစ်နာရီလျှင် ဒီဇယ်ဆီတစ်ပီပါ ကုန်ကျသဖြင့် စီးပွားရေးအရ တွက်ခြေ မကိုက်ကြောင်းလည်း သိရသည်။

ယခုအခါ အအေးခန်းစက်ရုံများမှ ငါးဝယ်ယူသိုလှောင်မှုကို ရပ်ဆိုင်းလိုက်သဖြင့် အဆိုပါစက်ရုံများရှိ ဝန်ထမ်း ၁၀၀၀၀ ခန့်မှာ အလုပ်လက်မဲ့ ဖြစ်လာနိုင်မည့်အပြင် ငါးဝယ်ယူမှုရပ်ဆိုင်းလိုက်သဖြင့် လုပ်ငန်းသဘောအရ ဆက်စပ်လျက်ရှိသော ပင်လယ်ငါးဖမ်းစက်လှေများနှင့် ငါးမွေးမြူသူများလည်း လုပ်ငန်းထိခိုက်လာနိုင်ကြောင်း သိရသည်။

သို့ဖြစ်၍ စက်ရုံပိုင်ရှင်များက ညဘက်လူခြေတိတ်သည့်အချိန်တွင် ငါးများ အေးခဲနိုင်သည်အထိ စက်မောင်းချိန် ငါးနာရီ၊ ခြောက်နာရီခန့်အား လျှပ်စစ်မီးပေးရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့တို့ထံ မေတ္တာရပ်ခံ အကူအညီတောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။

***(လှိုင်မောင်)***

# ဂီတအစည်းအရုံး ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်ရေးကော်မတီဖွဲ့ မည်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းမည်ဖြစ်ပါ၍ မေ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လုပ်ဖြန့်ချိအလွှာ၊ ညနေ ၃ နာရီတွင် စက်မှုအလွှာ၊ မေ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် စတီရီယိုအလွှာ (တေးရေး)၊ မွန်းလွဲ ၂ နာရီတွင် စတီရီယိုအလွှာ(တေးဆို)၊ ညနေ ၃ နာရီတွင် စတီရီယိုအလွှာ(အတီး)၊ မေ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် မဟာဂီတအလွှာ (အဆို၊ အတီး)နှင့် မွန်းလွဲ ၂ နာရီတွင် ကာလပေါ်အလွှာ (အဆို၊ အရေး၊ အတီး) တွေ့ဆုံပွဲကို အမှတ်(၂)မွေ့ဒါနလမ်း နတ်ချောင်းရပ်ကွက် တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အလွှာအသီးသီးမှ ပညာရှင်များ တက်ရောက်နိုင်ရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၅ - ၅ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၄၀. ၀၀၀ | ၀. ၀၀၁၂၀ |
| ထိုင်း (ဘတ်) | ၃၁. ၆၉၃၀ | ၀. ၀၃၁၅၅ |
| တရုတ် (ယွမ်) | ၆. ၃၃၅၅၉ | ၀. ၁၅၇၈၄ |
| အိန္ဒိယ (ရူပီး) | ၅၅. ၄၁၄၉ | ၀. ၀၁၈၀၅ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၆၀၀ | ၀. ၃၁၆၈၅ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၀၆၁ | ၀. ၇၈၀၈၈ |
| ဂျပန် (ယန်း) | ၇၉. ၅၈၄၂ | ၀. ၀၁၂၅၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၈၅. ၄၇ | ၀. ၀၀၀၈၄ |
| ယူရို | ၀. ၇၉၈၈၅ | ၁. ၂၅၁၈၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၇၉၈ | ၁. ၅၆၇၄၅ |

***အင်တာနက်။***



# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းသားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ပညာသင်ထောက်ပံ့ကြေးပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်နှင့်ဇနီးတို့က တက္ကသိုလ်အဆင့် ၉၆ ဦး၊ အထက်တန်းအဆင့် ၇၉ ဦး၊ အလယ်တန်းအဆင့် ၁၃၈ဦး၊ မူလတန်းအဆင့် ၁၅၅ ဦးတို့အတွက် ပညာသင်စရိတ် ထောက်ပံ့ကြေး ငွေကျပ် ၁၇၉၆၀၀၀ ကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(ဝဲပုံ)** (သတင်းစဉ်)

ဥတုရာသီ
တောကိုမှီ၏

# မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ရန်ကုန်-ကော့သောင်းခရီးစဉ် တိုက်ရိုက်ပြေးဆွဲ

**ရန်ကုန် မေ ၂၅**

ရန်ကုန်-မြိတ်-ကော့သောင်း-မြိတ်-ရန်ကုန်ခရီးစဉ်ကို ခရီးသည် ၃၁၅ ဦး တင်ဆောင်နိုင်သော "တောင်ကြီး"နှင့် "မြစ်ကြီးနား" သင်္ဘောနှစ်စင်းတို့ဖြင့် ပုံမှန်ပြေးဆွဲလျက်ရှိရာ ယခုအချိန်မှစ၍ သင်္ဘောတစ်စင်းကို ပုံမှန်ခရီးစဉ်အဖြစ် တစ်လလျှင်နှစ်ခေါက် ပြေးဆွဲမည်ဖြစ်ပြီး ကျန်တစ်စင်းအား ရန်ကုန်-မြိတ်-ရန်ကုန် ခရီးစဉ်အဖြစ် ခရီးသည်နှင့်ကုန်ရရှိမှုအပေါ်မူတည်ပြီး တစ်လလျှင် တစ်ခေါက် အမြန်ယာဉ်အဖြစ် ပြေးဆွဲမည်ဖြစ်သည်။

နိုင်ငံခြားခရီးစဉ်အဖြစ် ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ တရုတ်၊ အရှေ့တောင်အာရှနိုင်ငံများ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ရန်ကုန်-မလေးရှား-စင်ကာပူ-ရန်ကုန် ခရီးစဉ်များကိုလည်း ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)



**◆ရှေ့ဖုံးမှ**

ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိက စီးပွားရေးကဏ္ဍသည် အဓိကနေရာမှ ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထိုသို့အရေးပါသော ပုဂ္ဂလိကစီးပွားရေးကဏ္ဍနှင့်အတူ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအသီးသီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနိုင်ငံရှိ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် အခြားစီးပွားရေး လုပ်ငန်းရှင်များကို ဦးဆောင်စည်းရုံးထိန်းကျောင်းပေးနိုင်မည့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင် အမြင့်ဆုံးအဖွဲ့အစည်းတစ်ခုအနေဖြင့် “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)” ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

ဤကုန်သည်/စက်မှု အသင်းချုပ်သည် အစိုးရမဟုတ်သောအဖွဲ့အစည်း(NGO) တစ်ခုအနေဖြင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ဦးဆောင်ဦးရွက်ပြုပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဖော်ဆောင်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

ကုန်သည်/စက်မှုအသင်းချုပ်သည် နှစ်ပေါင်း (၉၀)ကျော် ရှည်လျားသော သမိုင်းကြောင်းကို အောင်မြင်စွာ ဖြတ်ကျော်လာနိုင်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် UMCCI အသင်းအဖြစ်မှ UMFCCI အသင်းချုပ်အဖြစ် အဆင့်မြင့်ပြီး ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ပြီးခဲ့သည့် ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ကုန်သည်/စက်မှုအသင်းချုပ်၏ အသင်းသား စည်းရုံးဆောင်ရွက်နိုင်မှုအခြေအနေကိုကြည့်လျှင် အသင်းသားပေါင်း ၂၅၀၀ ကျော်ကို တိုးတက်လာအောင် စည်းရုံးနိုင်ခဲ့သည့်အတွက် စုစုပေါင်း အသင်းသားဦးရေ ၂၃၆၆၅ ဦးနှင့် အင်အားတောင့်တင်းသော အသင်းချုပ်အဖြစ် ရပ်တည်နေသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ကုန်သည်/စက်မှု အသင်းချုပ်အနေဖြင့် ဤအသင်းချုပ်တွင် ပါဝင်သော အသင်းသားများနှင့် ညီနောင်အသင်းများကို စည်းရုံးစုစည်းပြီး စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်မြင့်မားလာအောင်၊ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် ခေတ်မီနည်းပညာရပ်များ အသုံးပြုနိုင်အောင်နှင့် ပြောင်းလဲတိုးတက်ဖြစ်ပေါ်လာသော နိုင်ငံတကာ စီးပွားရေးပုံစံမျိုးနှင့် လိုက်လျောညီထွေ ယှဉ်တွဲလိုက်ပါသွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ပြီးခဲ့သည့်နှစ်အတွင်းက ပြည်ပနိုင်ငံ ၂၀ နှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင် အမြောက်အမြား ကုန်သည်/စက်မှု အသင်းချုပ်ကို လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသကဲ့သို့ ပြည်ပနိုင်ငံပေါင်း ၁၅ နိုင်ငံကို ဆွေးနွေးပွဲ၊ သင်တန်း၊ အစည်းအဝေးများ တက်ရောက်ရန် ကိုယ်စားလှယ်ဦးရေပေါင်း ၄၀၀ ကျော် စေလွှတ်နိုင်ခဲ့သည့်အပြင် ပြည်ပနိုင်ငံ၌ ကျင်းပသော နိုင်ငံတကာကုန်စည်ပြပွဲ ၃၁ ခုကိုလည်း တက်ရောက်ပြသနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

နိုင်ငံတကာ ဆက်ဆံရေးနှင့်ပတ်သက်၍လည်း ကုန်သည်/စက်မှုအသင်းချုပ်သည် International Chamber of Commerce (ICC), ASEAN Chamber of Commerce and Industry (ASEAN-CCI), Bay of Bengal Initiative for Multi-sectoral Technical and Economic Cooperation (BIMSTEC), Greater Mekong Sub-region Business Forum (GMS-BF), Ayeyarwaddy- Chao Phraya-Mekong Economic Cooperation Strategy Business Council (ACMECS-BC) စသော နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်နေသည့်အပြင် ပြည်ပနိုင်ငံ ၂၉ နိုင်ငံနှင့် MOU များ လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့သည်ဟုလည်း သိရှိရကြောင်း။

နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာရေး ဦးတည်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပိုပြီးလုပ်သာကိုင်သာရှိနိုင်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း။

အထူးသဖြင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများမှာ ရှင်းလင်းလွယ်ကူချောမွေ့မြန်ဆန်အောင်၊ ပို့ကုန် သွင်းကုန်လိုင်စင်များကို အလျင်အမြန်ရရှိအောင်၊ လုပ်ငန်းအဆင့်များ လျှော့နည်းလွယ်ကူ မြန်ဆန်သွားအောင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးပြီး အခွန်အခ သတ်မှတ်ချက်များ၊ ဘဏ်စနစ်၊ ငွေကြေးစနစ်များကို ပြုပြင်ပေးခြင်း စသည့် Trade Facilitation ဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ပေးနေသည့်အပြင် အထူးစီးပွားရေးဇုန်ဥပဒေ၊ အလုပ်သမားဥပဒေ၊ လယ်ယာမြေဥပဒေများ အပါအဝင် လိုအပ်သော ဥပဒေများကိုလည်း ခေတ်နှင့်လျော်ညီအောင် ပြုပြင်ရေးဆွဲဆောင်ရွက်ပေးထားသည့် အတွက် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်နိုင်မှု ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူများကို ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ လွယ်ကူသက်သာချောင်ချိစွာ ဝယ်ယူစားသုံးနိုင်ကြစေရန်နှင့် နိုင်ငံတွင်းရှိ ကျေးလက်နေပြည်သူများနှင့် အခြေခံလူတန်းစားများ၏ ဘဝမြင့်တက်လာစေရန် စေတနာရှေ့ထားပြီး တိုင်းပြည်နှင့် ကိုက်ညီမည့်စနစ်နှင့်အညီ အတ္တ ပရ မျှတစွာဖြင့် လက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်အတွင်း ဆန်စပါး၊ ပဲ၊ နှမ်းစသော သီးနှံများ ရောင်းဝယ်ဖောက်ကားမှုကို စနစ်တကျ ဆောင်ရွက်နိုင်စေရန် သီးနှံဆိုင်ရာ လက်ကားကုန်စည်ဒိုင်များကို ဒေသအနှံ့အပြားတွင် တည်ထောင်ပြီး ကုန်စည်များ၏ အရည်အသွေးမှန်ကန်ရေး၊ စနစ်တကျ စာချုပ်ချုပ်ဆိုရောင်းဝယ်ရေး၊ ဈေးကွက်နှင့်ဈေးနှုန်း သတင်းဖြန့်ချိရေး စသည်တို့ကို ဤအသင်းချုပ်က ဦးဆောင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်၏ အဓိကသီးနှံများဖြစ်သည့် ဆန်နှင့် ပဲမျိုးစုံအတွက် ဆန်အထူးပြုကုမ္ပဏီကြီးများနှင့် ပဲအထူးပြုကုမ္ပဏီကြီးများ တည်ထောင်ထားပြီး ဆန်၊ ပဲမျိုးစုံတို့၏ စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ် ရောက်သည်အထိ Supply Chain တစ်ခုလုံး ချောမွေ့လျင်မြန်အောင် ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရကြောင်း။

ထို့အတူ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစသည့် သီးနှံများသည်လည်း ပြည်ပကို တိုးမြှင့်တင်ပို့နိုင်သည်အထိ အရေးပါလာပြီဖြစ်သည့်အတွက် ဤသီးနှံများအတွက်လည်း အထူးပြုကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ (AFTA) နှင့် ASEAN Economic Community(AEC)တွင် ပါဝင်ဆင်နွှဲရတော့မည်ဖြစ်သည့်အတွက် ရရှိလာနိုင်မည့် အခွင့်အလမ်းများကို ပိုင်ပိုင်နိုင်နိုင် ရရှိအသုံးချနိုင်စေရန်နှင့် တွေ့ကြုံရမည့် အခက်အခဲများ၊ စိန်ခေါ်ချက်များကိုလည်း ကြံ့ကြံ့ခံ ရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်အောင် ယခုကတည်းက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို စံချိန်စံညွှန်း အရည်အသွေးမှန်ကန်ပြီး ကုန်ကျစရိတ်သက်သာအောင် ထုတ်လုပ်ခြင်း၊ ပြည်ပက ဈေးကွက်ဝင်ပစ္စည်းများနှင့် အရည်အသွေးရော ဈေးနှုန်းပါ ယှဉ်ပြိုင်နိုင်အောင် ကြိုးပမ်းခြင်း၊ ရရှိထားပြီး ပြည်ပဈေးကွက်ကို ခိုင်မာအောင် ထိန်းသိမ်းထားပြီး ဈေးကွက်သစ်များ ရှာဖွေချဲ့ထွင်ခြင်း စသော လုပ်ငန်းများကို လုပ်ငန်းရှင်များက ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံရေးကဏ္ဍမှာရော စီးပွားရေးကဏ္ဍမှာပါ အလျင်အမြန် ပြောင်းလဲတိုးတက်နေသည့် အချိန်တွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် အသင်းချုပ်ကြီးအနေဖြင့် စီးပွားရေးကဏ္ဍအလိုက် အားနည်းချက်များကို သိရှိနားလည်အောင် ဖော်ထုတ်ပြုပြင်ပြီး ညီနောင်အသင်းများနှင့် အတူတကွ လက်တွေ့ကျကျ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ကုန်သည်/စက်မှုအသင်းချုပ်အနေဖြင့် ပုဂ္ဂလိက စီးပွားရေးကဏ္ဍ၏ ဦးဆောင်အသင်းကြီးဖြစ်သည်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်စည်းရုံး ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်က အားကိုးထိုက်သော အသင်းချုပ်ကြီးဖြစ်အောင် ညီနောင်အသင်းများ၊ အသင်းသားများနှင့် စီးပွားရေးလုပ်ငန်းရှင်အားလုံးကလည်း စီးပွားရေးကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းရင်း အတ္တ ပရ မျှတစွာဖြင့် အများပြည်သူအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အသင်းချုပ်နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် အသင်းချုပ်၏ ပြည်တွင်းပြည်ပ ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

ထို့နောက် စုံညီအစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် သဘာပတိ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းချုပ်အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၁-၂၀၁၂ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ အသင်းသားများ ကြိုတင်ပေးပို့ထားသော မေးမြန်းချက်နှင့် အကြံပြုချက်များအား ဖြေကြားခြင်းများကို အစီအစဉ်အတိုင်း ကျင်းပပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

# ဆေးဝါးရောင်းချမှုဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၅**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ဆေးဝါးရောင်းချမှုဆိုင်ရာ ဆရာဖြစ်သင်တန်း (Training of Trainer on Good Pharmacy Practice )ဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရဟိုတယ် Fantastic Hall ခန်းမ၌ ကျင်းပရာ သဘာပတိ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းနိုင်ဦးက ယခုသင်တန်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးဝါးဆိုင်များမှ ဆေးဝါးရောင်းချသူများ၏ အရည်အသွေးမြင့်မားလာစေရန်အတွက် ဆင့်ပွားသင်တန်းများ ပို့ချနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းဆရာများအား ပို့ချပေးသောသင်တန်း ဖြစ်ကြောင်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများ အနေဖြင့် မြို့နယ်များအတွင်း ဆေးဝါးအရောင်းဆိုင်များ၏ ရောင်းချခွင့်လိုင်စင်ကို တာဝန်ယူထုတ်ပေးရသည့် အတွက် ဆေးဝါးအရောင်းဆိုင်များအား ကြီးကြပ်ကွပ်ကဲဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ ဆေးဝါးအရည်အသွေး အာနိသင်ပြည့်ဝသောဆေးများ အများပြည်သူ အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဆေးဝါးရောင်းချမှုဆရာဖြစ် သင်တန်းကို မေ ၂၃ ရက်မှ ၂၅ ရက်အထိ ဆေးတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်များနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ သင်တန်းဆရာများက သင်ကြားပေးမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒုတိယကျန်းမာရေးဦးစီးဌာနမှူးများ၊ ကျန်းမာရေး အရာရှိများ၊ အာဟာရလေ့ကျင့်ကွပ်ကဲရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်များ စုစုပေါင်း သင်တန်းသား ၅၂ ဦး တက်ရောက်ခဲ့ကြသည်။

ထို့အတူ မေ ၂၆ ရက်တွင် အစားအသောက်လုပ်ငန်းများ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် စစ်ဆေးခြင်းသင်တန်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**



**မေ ၂၅ ရက် (ကျောင်းအပ်နှံရေးနေ့)က တာမွေမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၇)၌ မိဘနှင့် ကျောင်းသားများ ကျောင်းအပ်နှံနေသည်ကို တွေ့ရစဉ်။**

(ကြေးမုံ)

## ငွေအကြွေအတုအမြောက်အမြား ဗြိတိန်ရဲတပ်ဖွဲ့သိမ်းဆည်းရမိ

လန်ဒန် မေ ၂၅

ဗြိတိန်နိုင်ငံ၌ အတုအပပြုလုပ်ထားသောငွေအကြွေများကို ရဲတပ်ဖွဲ့က စံချိန်တင်ပမာဏအထိ သိမ်းဆည်းရမိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၅ရက် တွင် သတင်းထုတ်ပြန်သည်။

စကော့တလန်ယာ့ဒ်ရဲတပ်ဖွဲ့သည် မေ ၂၄ရက်က စီးနင်းရှာဖွေမှုများပြုလုပ်ခဲ့ပြီးနောက် ကုန်သေတ္တာ တစ်လုံးအတွင်းမှ ငွေအကြွေအတု ပေါင်စတာလင် လေးသန်း(အမေရိကန်ဒေါ်လာ ၆ ဒသမ ၃ သန်း)ဖိုး သိမ်းဆည်းရမိခဲ့သည်။

ငွေအကြွေအတုများနှင့်အတူ မသင်္ကာဖွယ်ရာ အမျိုးသား သုံးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ဗြိတိန်နိုင်ငံ၌ ငွေအကြွေအတုပမာဏ အများဆုံးသိမ်းဆည်းရမိသည့် ဖြစ်ရပ်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

***အင်တာနက်။***

## ပင်လယ်ရေကြောင်းလုံခြုံရေး ကောင်းမွန်စေရန် တောင်ကိုရီးယားရေတပ်အင်အားကို မြှင့်တင်သင့်

ဆိုးလ် မေ ၂၅

တောင်ကိုရီးယားနိုင်ငံသည် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် မိမိ၏ရေတပ်အင်အားကို မြှင့်တင်သင့်ကြောင်း ကျွမ်းကျင်သူပညာရှင်များက မေ ၂၄ ရက်တွင် တိုက်တွန်းလိုက်သည်။

အာရှဒေသတွင်းရှိ နိုင်ငံများအတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် ရေတပ်အင်အားကြီးထွားရေးကို အလေးပေးကာယှဉ်ပြိုင်နေကြချိန်တွင် မိမိတို့နိုင်ငံ၏ ရေပိုင်နက်လုံခြုံရေးနှင့် မဟာဗျူဟာမြောက် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တောင်ကိုရီးယား ကွမ်ဟီးတက္ကသိုလ် နိုင်ငံတကာ ဥပဒေရေးရာကောလိပ်မှ သုတေသီ ကန်ဟိုဘိုက်က ပြောကြားသည်။

တရုတ်နှင့် ဂျပန်နိုင်ငံတို့သည် ၎င်းတို့၏ ပင်လယ်ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန် ကြိုးပမ်းနေကြချိန်၌ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ပင်လယ်ရေကြောင်းလုံခြုံရေးအရ အားနည်းချက်များရှိနေကြောင်း ၎င်းက ပြောကြားသည်။

တောင်ကိုရီးယား ပြည်သူလူထုအတွင်း ပင်လယ်ရေကြောင်းဆိုင်ရာ အချုပ်အခြာပိုင်စိုးမှုနှင့် ပတ်သက်၍ အသိတရားနိုးကြားနေရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

***အင်တာနက်။***



**တောင်ကိုရီးယားနှင့် ဂျပန်အကြား ပိုင်ဆိုင်ခွင့် အငြင်းပွားနေသည့် အရှေ့ပင်လယ်ရေပြင်ရှိ ကျွန်းများအနီးတွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်နေသည့် တောင်ကိုရီးယားစစ်သင်္ဘောတစ်စင်း။**

## အမေရိကန်နိုင်ငံ၏ စွမ်းအင်ထုတ်လုပ်မှုပြည်ပနိုင်ငံများအပေါ် မှီခိုမှုအဆုံးသတ်မည်

ဟူစတန် မေ ၂၅

**အမေရိကန်နိုင်ငံသည် လာမည့် ၁၂ နှစ်တာကာလအတွင်း စွမ်းအင်ထုတ်လုပ်မှုအရ ပြည်ပနိုင်ငံများအပေါ် ရာနှုန်းပြည့်မှီခိုအားထားစရာ လိုအပ်တော့မည်မဟုတ်ကြောင်း ယင်းနိုင်ငံရှိ ထိပ်တန်းစီးပွားရေးပညာရှင်တစ်ဦးက မေ ၂၄ ရက် တွင် ဟောကိန်းထုတ်လိုက်သည်။**

အမေရိကန်နိုင်ငံ ဟူစတန်မြို့၌ကျင်းပသော စွမ်းအင်ဆိုင်ရာ ဆွေးနွေးပွဲတွင် အမေရိကန်ရေနံလုပ်ငန်းသိပ္ပံမှ စီးပွားရေးပညာရှင်ချုပ် ဂျွန်ဖယ်မီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ရေနံတူးဖော်ရေးလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းအများအပြားရှိနေကြောင်း၊ အိမ်နီးချင်း ကနေဒါနိုင်ငံ၏ ရေနံအရင်းအမြစ်များအား ရှာဖွေဖော်ထုတ်ရာတွင် လုပ်ပိုင်ခွင့်များရရှိထားကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံအနေဖြင့် စွမ်းအင်လိုအပ်ချက်အရ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ စွမ်းအင်အရင်းအမြစ်များ ဖူလုံရေးအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများနှင့် နိုင်ငံရေးသမားများ၏ ထောက်ခံမှုရရှိရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဟူစတန် စွမ်းအင်ဆွေးနွေးပွဲကို ဟူစတန်စီးပွားရေးဂျာနယ်က ကမကထပြုကျင်းပပြီး အမေရိကန်နိုင်ငံ၏ အနာဂတ်ကာလ စွမ်းအင်ဖူလုံရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

***အင်တာနက်။***



## အများပြည်သူသုံး သန့်စင်ခန်းများတွင် ယင်ကောင်နှစ်ကောင်ထက် ပိုမရှိရဥပဒေ ပေကျင်းမြို့တော်၌ ထုတ်ပြန်

ပေကျင်း မေ ၂၅

အာဏာပိုင်များက ထုတ်ပြန်ခဲ့သော စည်းမျဉ်းဥပဒေသစ်တစ်ရပ်အရ တရုတ်နိုင်ငံ ပေကျင်းမြို့တော်ရှိ အများပြည်သူသုံးသန့်စင်ခန်းများတွင် ယင်ကောင်နှစ်ကောင်ထက် ပိုရှိရမည်မဟုတ်ကြောင်း မေ ၂၃ ရက် သတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံမှ အများပြည်သူသုံးသန့်စင်ခန်းများသည် ညစ်ပတ်သည်ဟု နာမည်ဆိုးဖြင့် ကျော်ကြားရာ ယင်းအားနည်းချက်ကို ပြုပြင်ရန်အတွက် ပေကျင်းမြို့တော် အာဏာပိုင်များက စိတ်အားထက်သန်လျက်ရှိသည်။

ယခုထုတ်ပြန်ခဲ့သော ထူးဆန်းသည့် စည်းမျဉ်းဥပဒေသည် မြို့တော်အတွင်းရှိ ပန်းခြံများ၊ ရထားဘူတာရုံများ၊ လေဆိပ်များ၊ ဆေးရုံများ၊ ဈေးများနှင့် စူပါမားကတ်များမှ သန့်စင်ခန်းအားလုံးအပေါ် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည်။

အများပြည်သူသုံး သန့်စင်ခန်းများ၌ ယင်ကောင်နှစ်ကောင်ထက်ပိုမရှိရဟူသော ဥပဒေကိုလိုက်နာရန် ပျက်ကွက်ပါက အပြစ်ပေးရန် ရှိ မရှိနှင့် အပြစ်ပေးမည်ဆိုပါက မည်သို့အပြစ်ပေးမည်ဟူသည့် အချက်များအား မသိရသေးပေ။

ပေကျင်းမြို့တော်သည် ယခင်ကာလ အထူးသဖြင့် ၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်ပွဲတော် မတိုင်မီကာလက အများပြည်သူသုံး သန့်စင်ခန်းများအား အဆင့်မြှင့်တင်ရေးအတွက် လှုပ်ရှားမှုအမျိုးမျိုး လုပ်ဆောင်ခဲ့သည်။

***အင်တာနက်။***

## နှစ်ပေါင်း ၃၀၀ ကျော်ကြာ သင်္ချာပြဿနာ ဆယ်ကျော်သက်တစ်ဦး ဖြေရှင်းပေးနိုင်

ဒရက်စ်ဒန် မေ ၂၅

ဂျာမနီနိုင်ငံမှ အသက်(၁၆)နှစ်အရွယ် ကျောင်းသားတစ်ဦးသည် ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး အိုက်ဆက်နယူတန်၏ အခြေခံအမှုန်များ လှုပ်ရှားပြုမူပုံဆိုင်ရာ သီအိုရီနှစ်ရပ်ကို ဖြေရှင်းနိုင်ခဲ့ရာ ပါရမီရှင်လူငယ်တစ်ဦးအဖြစ် ချီးကျူးခံခဲ့ရကြောင်း မေ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

အိုက်ဆက်နယူတန်၏ အခြေခံအမှုန်များ ပြုမူလှုပ်ရှားမှုဆိုင်ရာ သီအိုရီများသည် နှစ်ပေါင်း ၃၅၀ ကြာမြင့်ခဲ့သည့်တိုင် နှောင်းခေတ်ရူပဗေဒပညာရှင်များ ဦးနှောက်ခြောက်ခဲ့ရသည့် သင်္ချာပဟေဠိများဖြစ်သည်။

ယခင်က ယင်းသီအိုရီနှစ်ရပ်ကို စွမ်းအားမြင့်ကွန်ပျူတာများအသုံးပြုခြင်းဖြင့်သာ ရူပဗေဒပညာရှင်များက ဖြေရှင်းတွက်ချက်နိုင်ခဲ့သည်။

အဆိုပါသီအိုရီနှစ်ရပ်ကို အဖြေထုတ်နိုင်ခြင်းဖြင့် ဘောလုံးတစ်လုံး၏ ပျံသန်းရာလမ်းကြောင်းနှင့် နံရံအား မည်သို့ထိမှန်၍ ကန်ထွက်လာမည်ဆိုသည့် သင်္ချာပြဿနာများအား ခန့်မှန်းတွက်ချက်နိုင်မည်ဖြစ်သည်။

ဆာအိုက်ဆက်နယူတန်၏ အခြေခံအမှုန်များပြုမူလှုပ်ရှားမှုဆိုင်ရာ ဒွိစုံသီအိုရီအား ဖြေရှင်းနိုင်ခဲ့သူမှာ ဂျာမနီနိုင်ငံ ဒရက်စ်ဒန်မြို့နေ ရှုရီယာရေးအမည်ရှိ အိန္ဒိယနွယ်ဖွား ကျောင်းသားတစ်ဦးဖြစ်သည်။

အသက်ခြောက်နှစ်အရွယ်ကပင် ခက်ခဲသောသင်္ချာညီမျှခြင်းများကို ဖြေရှင်းနိုင်ခဲ့သော်လည်း ၎င်းသည် ပါရမီရှင်တစ်ဦးမဟုတ်ကြောင်း ရှုရီယာက ပြောကြားခဲ့သည်။

***အင်တာနက်။***



## ကမ္ဘာ့အသေးဆုံးနှလုံးတုဖြင့် ကလေးတစ်ဦး၏အသက်ကို အီတလီဆရာဝန်များ ကယ်တင်

ရောမ မေ ၂၅

အစားထိုးအင်္ဂါ လှူဒါန်းမည့်သူ ပေါ်လာသည့်တိုင် အသက်ဆက်ရှင်ရေးအတွက် ကမ္ဘာ့အသေးငယ်ဆုံး နှလုံးတု အစားထိုးထည့်သွင်းပေးခြင်းဖြင့် နှလုံးအစားထိုး ကုသမှုခံယူရန် လိုအပ်သော ၁၆ လသားအရွယ်ကလေးတစ်ဦး၏ အသက်ကို အီတလီဆရာဝန်များက ကယ်တင်ပေးနိုင်ခဲ့ကြောင်း မေ ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာ့အသေးငယ်ဆုံးနှလုံးတု**(အပေါ်ပုံ)** အစားထိုးထည့်သွင်းမှုကို လွန်ခဲ့သည့်လက လုပ်ဆောင်ခဲ့ခြင်းဖြစ်သော်လည်း ယခုသီတင်းပတ်တွင်းမှ လူသိရှင်ကြား သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း ရောမမြို့တော် ဘမ်ဘီနိုဂီဆူ ဆေးရုံမှ ဆရာဝန်များက ပြောကြားခဲ့သည်။

အဆိုပါနှလုံးဝေဒနာရှင် ကလေးငယ်သည် နှလုံးအစားထိုးကုသမှုမခံယူရမီ ကမ္ဘာ့အသေးငယ်ဆုံး နှလုံးတုဖြင့် ၁၃ ရက်တိုင်တိုင် အသက်ဆက်ခဲ့ရကြောင်း၊ နှလုံးအစားထိုး ကုသမှုခံယူပြီးနောက် ၎င်း၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းကလေးငယ်သည် နှလုံးကြွက်သားမျှင်များ ကြီးမားဆန့်ထွက်နေသည့် ဝေဒနာ(dilated myocardiopathy)ကို ခံစားနေရသူဖြစ်သည်။ အီတလီဆရာဝန်များသည် ကလေး၏ အသက်ကို ကယ်တင်ရန် အလေးချိန် ၁၁ ဂရမ်ရှိပြီး တစ်မိနစ်လျှင် သွေးစီးဆင်းမှုပမာဏ ၁ ဒသမ ၅ လီတာ ဖန်တီးလုပ်ဆောင်ပေးနိုင်သည့် တိုက်တေနီယမ် နှလုံးတုအား အသုံးပြုခဲ့သည်။

အရွယ်ရောက်သူ နှလုံးဝေဒနာရှင်များအတွက် အစားထိုးထည့်သွင်းရသော နှလုံးတုသည် အလေးချိန် ဂရမ် ၉၀၀ ရှိသည်။

***အင်တာနက်။***

## ခရီးသည်တင်လေယာဉ်ပျက်ကျမှုတွင် အမေရိကန်၏ ပယောဂမကင်းကြောင်း ရုရှားထောက်လှမ်းရေးသံသယရှိ

မော်စကို မေ ၂၅

အင်ဒိုနီးရှားနိုင်ငံ၌ မေ ၉ ရက်ကဖြစ်ပွားခဲ့သော ဆူခွိုင်းစူပါဂျက်-၁၀၀ ခရီးသည်တင်လေယာဉ်ပျက်ကျမှုကို အမေရိကန်ပြည်ထောင်စုက ရည်ရွယ်ချက်ရှိရှိ ကြံစည်လုပ်ဆောင်ခဲ့ဖွယ်ရှိသည့် ဖြစ်ရပ်တစ်ခုအဖြစ် ရုရှားထောက်လှမ်းရေးက သံသယဝင်လျက်ရှိကြောင်း မေ ၂၄ ရက်သတင်းများတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံ၏ လေကြောင်းနည်းပညာကဏ္ဍ ပြိုင်ဘက်များသည် ဆူခွိုင်းစူပါဂျက် ခရီးသည်တင်လေယာဉ်၏ အောင်မြင်မှုကို လိုလားခြင်းမရှိကြောင်း ရုရှားထောက်လှမ်းရေးတာဝန်ရှိသူတစ်ဦး၏အဆိုအားကိုးကား၍ နာမည်ကျော် ရုရှားသတင်းစာတစ်စောင်ဖြစ်သည့် ကွန်ဆိုမိုလ်စကာယာ ပရာပဒါ သတင်းစာက ဖော်ပြထားသည်။

အဆိုပါ သတင်းစာ၏ အဆိုအရ ဆူခွိုင်းစူပါဂျက် ခရီးသည်တင်လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ စက်မှုပိုင်းဆိုင်ရာ ကြံစည်နှောင့်ယှက်မှုရှိခဲ့သည်ဟူသော အချက်အပေါ်အခြေခံကာ ရုရှားထောက်လှမ်းရေးက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ဆူခွိုင်းစူပါဂျက်-၁၀၀ ခရီးသည်တင်လေယာဉ်သည် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက်ပိုင်း ရုရှားနိုင်ငံအနေဖြင့် ပထမဆုံးတည်ဆောက်ထုတ်လုပ်ခဲ့သော ခရီးသည်တင်လေယာဉ်သစ် ဖြစ်သည်။

ယင်းလေယာဉ်သည် အာရှအရောင်းမြှင့်တင်ရေးခရီးစဉ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၌ သရုပ်ပြပျံသန်းစဉ် ဂျကာတာမြို့တောင်ဘက် တောင်စောင်းတစ်ခုပေါ်သို့ပျက်ကျခဲ့ရာ လေယာဉ်အမှုထမ်းနှင့် ခရီးသည် ၄၅ ဦးသေဆုံးခဲ့ရသည်။**(အောက်ပုံ)**

ရုရှားနိုင်ငံ၌ဖြစ်ပွားခဲ့ဖူးသည့် အဆုံးအရှုံးကြီးမားသော မတော်တဆမှုအများစုနှင့် ပတ်သက်၍ ရုရှားအစိုးရတာဝန်ရှိသူများနှင့်သတင်းမီဒီယာများက ပြည်ပနိုင်ငံများအား ပြစ်တင်ပုံချလေ့ရှိသည့် သမိုင်းကြောင်းများ ရှိခဲ့ဖူးသည်။

***အင်တာနက်။***



## ဘာသာစကားဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ယူကရိန်းလွှတ်တော်အမတ်များအကြား ရန်ပွဲပေါ်ပေါက်

ကိယက်ဗ် မေ ၂၅

**ရုရှားစကားသုံးစွဲသောဒေသများရှိ ဆေးရုံများ၊ တရားရုံး များနှင့် အခြားနေရာဌာနများတွင် ရုရှားဘာသာစကားအား တရားဝင်သုံးစွဲခွင့်ပေးမည့် ဥပဒေကြမ်းတစ်ရပ်နှင့် ပတ်သက်၍ ယူကရိန်းပါလီမန်လွှတ်တော်၌ စကားနိုင်လုငြင်းခုံကြရာမှ လွှတ်တော်အမတ်များအကြား အပြင်းအထန်ထိုးကြိတ်ကြသည့် အဆင့်ရောက်ခဲ့ကြောင်း မေ ၂၄ ရက်သတင်းများတွင် ဖော်ပြသည်။**

လက်ရှိ ယူကရိန်းသမ္မတ ဗစ်တာယာနျူကိုဗစ်၏ ပါတီမှ လွှတ်တော်အမတ်များနှင့် အနောက်အုပ်စုလိုလားသော လွှတ်တော်အမတ်များအကြား မေ ၂၄ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည့် ရန်ပွဲအတွင်း လွှတ်တော်အမတ်တစ်ဦး ဒဏ်ရာရခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ အနောက်အုပ်စုကို လိုလားသော ယူကရိန်းလွှတ်တော်အမတ်များသည် ယူကရိန်းယဉ်ကျေးမှုအား ထိန်းသိမ်းလို၍ အိမ်နီးချင်းရုရှားနိုင်ငံအပေါ် နိုင်ငံရေးအရ မှီခိုခြင်းမပြုလိုသည့် သဘောထားရှိသူများဖြစ်ကြသည်။

ယူကရိန်းနိုင်ငံ၏ အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများသည် ရုရှားစကားကို သုံးစွဲ၍ ရုရှားနိုင်ငံနှင့် ရင်းနှီးစွာ ဆက်ဆံလိုသော ဒေသများဖြစ်ပြီး အနောက်ပိုင်းဒေသသည် ယူကရိန်းစကားကို သုံးစွဲ၍ အနောက်အုပ်စုနှင့် ရင်းနှီးစွာဆက်ဆံလိုသည့် ဒေသဖြစ်သည်။ ယူကရိန်းပါလီမန်လွှတ်တော်(ရာဒါ)၏ မေ ၂၄ ရက် ရန်ပွဲနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုလုပ်ဆောင်ပေးရန် အနောက်အုပ်စုကိုလိုလားသည့် လွှတ်တော်အမတ်များက တောင်းဆိုထားသည်။

***အင်တာနက်။***

## နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**ရန်ကုန် မေ ၂၅**

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုကော်မတီနှင့် ကိုရီးယားသမ္မတနိုင်ငံလွှတ်တော်သို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ရွှိုင်ရယ်မင်္ဂလာဒုံ ဂေါက်အင်ကမ်းထရီးကလပ်၌ ကျင်းပရာ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဝင်းနောင်၊ အတွင်းရေးမှူး ဦးဆွေအောင်၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် ပြည်တွင်း၊ ပြည်ပအလုပ်သမားရေးရာကော်မတီနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ကြည်၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီအတွင်းရေးမှူး ဦးနု၊ National Assembly Republic of Korea ၏ Member Mr. Lee Hansung နှင့် တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ရှေးဦးစွာ Mr. Lee Hansung (Member of National Assembly Republic of Korea) က နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားသည်။ ယင်းနောက် ဒေါက်တာခင်ရွှေနှင့် Mr. Lee Hansung တို့ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ **(ဓာတ်ပုံ)**

နှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ ပညာရေး ၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)



## ရန်ကုန်တိုင်းဒေသကြီးရှိ တိုင်းရင်းဆေးရုံကြီး၌ သံဃာဆေးကုသဆောင် ပန္နက်တင်

**ရန်ကုန် မေ ၂၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ တိုင်းရင်းဆေးရုံကြီးဝင်းအတွင်း၌ သံဃာဆေးကုသဆောင် (နှစ်ထပ်ကျောင်းဆောင်) ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၂ မိနစ်တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက မင်္ဂလာအချိန်တွင် ပန္နက်တိုင်စိုက်ထူပေးပြီး**(ဓာတ်ပုံ)** တက်ရောက်လာကြသော ဧည့်သည်တော်များက သတ်မှတ်နေရာများ၌ ရတနာအုတ်မြစ်စီပေးကြသည်။ ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

(ကြေးမုံ)

## အမှိုက်များကို အစို/အခြောက် အရောင်အိတ်များဖြင့် ခွဲခြားစွန့်ပစ်မှု မျှော်မှန်းသည်ထက် အောင်မြင်မှုရရှိ

ရန်ကုန် မေ ၂၅

**အမှိုက်များကို အရောင်ပါသောအိတ်များဖြင့် အစို/အခြောက်ခွဲခြားစွန့်ပစ်မှုကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မျှော်မှန်းသည်ထက် အောင်မြင်မှုများရရှိခဲ့ကြောင်း မေ ၂၄ ရက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ မီဒီယာတွေ့ဆုံရှင်းလင်းပွဲမှ သတင်းရရှိသည်။**

ထိုစနစ်အတွက် လူထုအနေဖြင့် လိုက်နာဆောင်ရွက်မှုများရှိစေရန် ၂၀၁၂ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လကာလများတွင် အသိပညာပေးမှုများကို ဆောင်ရွက်ခဲ့ပြီး ဧပြီ ၁ ရက်မှ စတင်ကာ အမှိုက်အစိုနှင့် အမှိုက်ခြောက်များကို အရောင်ပါအိတ်များဖြင့် ခွဲခြားစွန့်ပစ်မှုစနစ် စတင်ခြင်းဖြစ်ကြောင်း သိရသည်။

"ဧပြီတစ်လလုံး ရုံးပိတ်ရက်တွေရှိလို့ ၁၀ ရာခိုင်နှုန်းပဲ မျှော်မှန်းထားပေမယ့် လကုန်တဲ့အခါမှာ ၁၈ ဒသမ ၅၂ ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့တာတွေ့ရတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထိုစနစ် စတင်သော ဧပြီ ၁ ရက်တွင် ကားခေါက်ရေ ၃၁၄ ခေါက်ဖြင့် အမှိုက်သိမ်းရာတွင် အမှိုက်အိတ်များဖြင့် သီးခြားခွဲခြားစွန့်ပစ်သော ကားခေါက်ရေမှာ ၁၄ ခေါက်ရှိခဲ့ပြီး ၄ ဒသမ ၄၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း ဧပြီ ၃၀ ရက်တွင် အမှိုက်များသိမ်းဆည်းသည့် ကားခေါက်ရေ ပေါင်း ၉၂၄ ခေါက်တွင် သီးခြားခွဲစွန့်ပစ်သည့် အမှိုက်အိတ်ပါ ကားခေါက်ရေမှာ ၇၀ အထိရှိလာပြီး မေ ၂၄ ရက်အထိ အရောင်ပါအမှိုက်အိတ်များဖြင့် ခွဲခြားစွန့်ပစ်မှုကို လူထုပါဝင်ဆောင်ရွက်မှုမှာ ၂၈ ဒသမ ၅၂ ရာခိုင်နှုန်းအထိ ပါဝင်လာခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ ပြောပြချက်အရ သိရသည်။

အဆိုပါစနစ်အတွက် ခြောက်လအကြာကာလဖြစ်သော စက်တင်ဘာလကုန်တွင် လူထု၏ ပါဝင်ဆောင်ရွက်မှုမှာ ၅၀ ရာခိုင်နှုန်းရှိလာရန် မျှော်မှန်းထားပြီး ကျန်ရှိသောသူများမှလည်း ပါဝင်ဆောင်ရွက်လာစေရန် ဥပဒေပိုင်းဆိုင်ရာအရ အရေးယူဆောင်ရွက်သွားရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီလိုစနစ်ကိုသွားတော့ အမှိုက်တွေကိုပိုပြီး လက်ခံသိမ်းဆည်းလာရတာကို တွေ့ရတယ်။ အမှိုက်ပိုထွက်လာတာတော့ မဟုတ်ဘူး၊ အရင်က တခြားကိုသွားတဲ့ဟာတွေက အခုစနစ်တကျနဲ့ ရောက်လာတာတွေကြောင့် ဖြစ်ပါတယ်"ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

ထက်ခိုင်(စမ်းချောင်း)

## လောင်းကစားမှုများ ကင်းရှင်းပပျောက်ရေးဆောင်ရွက်

**ပုသိမ် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ လောင်းကစားမှုများ ကင်းရှင်းပပျောက်ရေးကို အရေးယူဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်က မြောင်းမြခရိုင် ဒ/န-ဒုတိယရဲအုပ်မျိုးဦးနှင့်အဖွဲ့၊ မြောင်းမြရဲစခန်းမှ ဒုတိယရဲအုပ်ကျော်သူနှင့်အဖွဲ့ ပူးပေါင်း၍ မြောင်းမြမြို့နယ် ညောင်တုန်းကျေးရွာနေ မမြဝင်း အသက်(၄၀) (ဘ-ဦးမောင်ရှိန်)၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ဘင်ဂိုလောင်းကစားနေကြသော မမြဝင်း၊ ဂျိမ်း အသက်(၂၂)နှစ် (ဘ-ဦးမောင်ချစ်)၊ ယာကုတ်(၂၈)နှစ် (ဘ-ဦးမောင်ချစ်)၊ တီးသာ(၂၃)နှစ် (ဘ-မန်းဂုတ်တို)၊ သိန်းအောင်(၅၈)နှစ် (ဘ-ဦးသိန်းဖြူ)၊ ပေါလူး(ခ)စိန်ပေါလ်(၃၇)နှစ်၊ စောဦး(၃၇)နှစ်(ဘ-ဦးဂျိုးဇက်)၊ မေရီ(ခ)ရှုပွား(၃၆)နှစ်(ဘ-မန်းဂျာနက်)၊ မစံပယ်(၃၀)(ဘ-ဦးတင်အေး)၊ မမိုးမိုး(၃၈)နှစ်(ဘ-ဦးမောင်မောင်)၊ မိုးလေး(၃၆)နှစ် (ဘ-ဦးမောင်နန်းဆင်)တို့အား ဘင်ဂိုလောင်းကစားမှုများ ပြုလုပ်နေကြစဉ် လောင်းကစားပစ္စည်းများနှင့်အတူ လောင်းကြေးငွေကျပ် ၉၆၀၀ ကို သိမ်းဆည်းရမိသဖြင့် ၄ နာရီ မိနစ် ၄၀ တွင် ဒုတိယရဲအုပ် ကျော်သူရ၏ တိုင်တန်းချက်အရ မြောင်းမြရဲစခန်းမှ (ပ)၁၃၈/၂၀၁၂ လောင်းကစား ၁၃က/၁၄က ဖြင့် တရားခံများဖမ်းဆီးအရေးယူထားရှိကြောင်း သိရသည်။

အလားတူ မေ ၂၄ ရက် ၃ နာရီ မိနစ် ၄၀တွင် ဘိုကလေးမြို့နယ် စက်ဆန်းရဲစခန်းမှ ဒုတိယရဲအုပ် ကျော်စိုးနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် သတင်းအရ မယ်တော်စုကျေးရွာနေ မသန္တာခိုင် အသက် (၃၃) နှစ် (ဘ-ဦးခင်မောင်မြင့်)၏ နေအိမ်လက်ဖက်ရည်ဆိုင်၌ ဘင်ဂိုလောင်းကစားနေကြောင်း သိရသဖြင့် ဝင်ရောက် ဖမ်းဆီးရာ မသန္တာခိုင်၊ ဆန်းဦး အသက်(၄၀) (ဘ-ဦးမြသန်း)၊ မင်းသူရထွန်း အသက်(၂၀) (ဘ-ဦးသက်နိုင်)၊နိုင်လင်း အသက်(၂၁)နှစ် (ဘ-ဦးမောင်စိန်)၊ ဇော်နိုင်ဝင်းအသက်(၂၇)နှစ်(ဘ-ဦးပွင့်စိန်)၊ မချိုမာ အသက် (၃၅)နှစ်(ဘ-ဦးလှရွှေ)၊ ဖျာပုံကမ်းသာယာနေ ခင်မောင်မြင့် အသက်(၅၀) (ဘ-ဦးသန်းကြီး) အပါအဝင် ဘင်ဂိုလောင်းကစားနေကြသူများအား လောင်းကစားပစ္စည်းများနှင့်အတူ လောင်းကြေးငွေကျပ် ၆၂၀၀ ကို သိမ်းဆည်းရမိပြီး ဒုတိယရဲအုပ်ကျော်စိုး၏ တိုင်တန်းချက်အရ စက်ဆန်းရဲစခန်းမှ (ပ)၂၆/၂၀၁၂ လောင်းကစား ၁၃က/၁၄ က ဖြင့် ဖမ်းဆီးအရေးယူထားရှိကြောင်း သိရသည်။ (၅၅၂)

## ဆေးခန်းသို့ အဖော်လိုက်ပေးရန် လိမ်ခေါ်ပြီး အဓမ္မပြု

**ဒေးဒရဲ မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ရှမ်းစုကျေးရွာနေ မ-----သည် နေအိမ်၌ မိသားစုနှင့်အတူရှိနေစဉ် ဧပြီ ၁၈ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တစ်ရွာတည်းနေ ပေါက်ကျိုင်း(ခ)ဆန်းညွှန့် အသက်(၄၀)နှစ်ရောက်ရှိလာပြီး နေအိမ်၌ ၎င်း၏ ဇနီး မရီနိုင် နေမကောင်း၍ ဆေးခန်းလိုက်ပို့ပေးရန် အဖော်လာခေါ်သဖြင့် မ-----သည် ပေါက်ကျိုင်း(ခ) ဆန်းညွှန့်၏ နေအိမ်အိပ်ခန်းအတွင်း ဝင်ရောက်ကြည့်ရှုရာ မရီနိုင်ကိုမတွေ့ရဘဲ ပေါက်ကျိုင်း(ခ) ဆန်းညွှန့်က ဓားမကိုကိုင်၍ မ-----အား အော်ရင် သတ်မည်ဟုပြောကာ အဓမ္မပြုကျင့်ကြောင်း တိုင်တန်းချက်အရ မေ ၁၆ ရက်ညနေ ၃ နာရီ ၅၅ မိနစ်တွင် နောက်ပြန်တိုးရဲစခန်းမှ (ပ) ၁၉-၂၀၁၂ ပုဒ်မ-၃၇၆ ဖြင့် ပေါက်ကျိုင်း(ခ)ဆန်းညွှန့်အား ဖမ်းဆီးအရေးယူထားရှိကြောင်း သိရသည်။

(၅၅၂)

## စိုက်ပျိုးဖြစ်ထွန်းသော်လည်း ဈေးကောင်းမရသည့် ဇာဟောသီးနှံများ

**ကလေး - ဝင်းသူ**

ကလေးမြို့နယ် ဇာဟောရွာ ဇာဟောချောင်းကမ်းဘေးဝဲ၊ ယာ၌ စိမ်းလန်းနေသော ဖရဲခင်း၊ ခရမ်းချဉ်ခင်း၊ သခွားခင်း၊ ထောပတ်ပဲခင်းတို့မှာ စိမ်းလန်းဝေဖြာအလှဖြာလျက်ရှိကြသည်။

ခရမ်းချဉ်ခင်းပိုင်ရှင်မှာ ဇာဟောရွာမှ ကိုအောင်ကုလား၏အခင်းဟု သိရသည်။ ကိုအောင်ကုလားနှမက ဖရဲသီးများကိုကောက်ကာ စုပြုံထားပြီး လှည်းပေါ်တင်နေသည်။

ထိုခရမ်းချဉ်ခင်းမှ တစ်ခါကောက်ပိဿာ ၃၀၊ ၄၀ ရသည်ဟုဆိုသည်။ ယခုထိ နှစ်ခါသာ ကောက်ရသေးသည်ဟု သိရသည်။ ယခုနှစ် ခရမ်းချဉ်သီး အောင်မြင်ဖြစ်ထွန်းသော်လည်း ဈေးကောင်းမရ။ တစ်ပိဿာမှ ကျပ် ၁၅၀ ဖြင့်သာ ရောင်းရသည်ဟု သိရသည်။

စိုက်ခင်းရှင် ကိုခင်မောင်၏ နှမဖြစ်သူက "တစ်နေ့ကို အလုံးပေါင်း ၁၀၀၊ ၂၀၀ ကောက်ရတယ်။ နေ့စဉ် ကောက်ရောင်းတယ်။ သခွားသီးက ဖြစ်ထွန်းပေမယ့် ဈေးကောင်းမရပါဘူး။ သုံးလုံးမှ ကျပ် ၁၀၀ ပဲ ရောင်းရတယ်" ဟု ဆိုသည်။



ခွေးလေးနို့စို့သကဲ့သို့ တွဲလျားကျ သီးနေသော ဂန့်ဂေါမြို့နယ် ဇာဟောရွာမှ သခွားစိုက်ခင်း။

ကိုစောဝင်းသခွားခြံတွင် "ကိုစောဝင်း တစ်နေ့ ဘယ်လောက်ကောက်လဲ"၊ "ကျွန်တော်က နေ့တိုင်းမကောက်ဘူးဗျ။ ဝယ်လာတဲ့သူရှိမှ ကောက်တာ၊ မနက်မှကောက်မှာဗျ"၊ "တစ်ခါကောက်၊ ဘယ်လောက်ကောက်ရောင်းရလဲ"၊ တစ်ခါကောက် အလုံး ၆၀၀၊ ၇၀၀ ကောက်ရောင်းရတယ်၊ "ဘယ်ကလာဝယ်ကြလဲ"၊ "ဇာဟောကရော၊ ဂန့်ဂေါကရော လာဝယ်ကြတယ်"၊ "တစ်လုံး ဘယ်လောက်ဈေးရောင်းရလဲ"၊ စိုက်သာစိုက်ရတာ ဈေးကွက်မရှိတော့ ဈေးကောင်း မရဘူးဗျ"၊ "သုံးလုံးမှ ကျပ် ၁၀၀ ဈေးပဲရောင်းရတယ်" ဟု ဖြေသည်။

သခွားသီးစိုက်ပျိုးဖြစ်ထွန်းသော်လည်း ဈေးကောင်းမရသဖြင့် တွက်ခြေမကိုက်ကြောင်း ကိုစောဝင်းက ရှင်းပြသည်။ ကိုစောဝင်းမှာ လွန်ခဲ့သော (၁၀)နှစ်ခန့်ကစ၍ ဇာဟောရွာတွင် ယောဖရဲကို စမ်းသပ်စိုက်ပျိုးခဲ့သူဖြစ်သည်။ ဧကဝက် စမ်းစိုက်ရာ အရင်းကျပ် နှစ်သိန်းသာ ကုန်ပြီး ဖရဲသီးရောင်းရငွေ ကျပ် ၁၀ သိန်းကျော် ရရှိခဲ့သဖြင့် ဇာဟောတစ်ရွာလုံး ယနေ့ထိ "ယောဖရဲ"စိုက်နေကြဆဲဖြစ်သည်။

"ဖရဲသီးစား ထန်းရည်သောက် တစ်နေ့တစ်ခေါက် ဇာဟောရောက်" ဟု စာစပ်ထားရာ ယခုနှစ်တွင် တစ်ခေါက်မက နှစ်ခေါက်ပင်ရောက်ရှိခဲ့ရပါသည်။ ပထမခေါက်က လုံဟောရွာ ကျောင်းတင်ပွဲနှင့် ဗုဒ္ဓဘာသာအဆုံးအမ ခံယူပွဲ၊ ယခုတစ်ခေါက်တွင် ဖလမ်း၊ ဟားခါးက စာပေဟောပြောအပြီး ဇာဟောရွာသားကြီးမောင်သား ရှင်ပြုသို့ ခရီးဆက်ခဲ့ခြင်းဖြစ်သည်။

အလှူရှင်သားကြီးမောင်က "ကိုရင်တွေ ရက်လည်အောင် (တစ်ပတ်)နေပါဦး"ဟု တားသဖြင့် သုံးရက်နေမည်ဟု ကတိခံကာ ထိုသုံးရက်အတွင်း ဇာဟောရွာ၊ မင်းခိုင်းတော၊ ယခု သခွားခင်းတော၊ ဖရဲခင်းတောတို့ကို ကွင်းဆင်းလေ့လာခဲ့ရခြင်းဖြစ်သည်။

ဇာဟောရွာကား ရှေးက "ဖဝါးရွာ"ဟု ခေါ်ခဲ့ရာမှ နရီတိုင်စိုက်ထူစဉ် "ဆဟောဆရာလာမှ နရီတိုင်ထူရမယ်" ဟု ဗေဒင်အဟောရှိခဲ့ရာ "စာဟောရွာ"ဟု အမည်တွင်ခဲ့၏။ ထိုမှ ယခုအခါ "ဇာဟောရွာ"အဖြစ် ထင်ရှားလျက်ရှိသည်။

ဇာဟောရွာသည် ဂန့်ဂေါမြို့နယ်နှင့် သုံးမိုင်ကွာ မြစ်သာမြစ် အနောက်မြောက်ဘက် ဇာဟောကမ်းဘေးပေါ်၌ တည်ရှိသည်။ အိမ်ခြေ ၆၀၀ ကျော်ရှိပြီး ဇာဟောချောင်း ကမ်းဘေးဝဲ၊ ယာ နုန်းတင်မြေနုကျွန်းများပေါ်တွင် ရာသီသီးနှံစုံစိုက်ပျိုး၍ ကြီးပွားတိုးတက်ဖွံ့ဖြိုးနေသောရွာတစ်ရွာ ဖြစ်သည်။



ဇာဟောချောင်းရေကို ရေစုပ်စက်ဖြင့် ရေတင်၍ စိုက်ပျိုးဖြစ်ထွန်းနေသော ဇာဟောရွာက ကိုအောင်ကုလား၏ ထိုင်ဝမ်ခရမ်းချဉ်စိုက်ခင်း။

နေ့စဉ် နံနက်တိုင်း နံနက်စောစော ၅ နာရီထ၍ ဂန့်ဂေါမြို့မှ ဈေးကြီးသို့ ခရမ်းချဉ်သီး၊ သခွားသီး၊ ဖရဲသီး၊ မေမြို့ပန်းတို့ သွားရောက်ရောင်းချလျက်ရှိကြရာ စာရေးသူအိပ်ရာထဲက အတိုင်းသားကြားနေရပါသည်။

ဝေလီဝေလင်းထ၍ အပင်ပန်းခံသွားရောင်းကြရသော ခရမ်းချဉ်သီး၊ ခရမ်းသီး၊ သခွားသီးတို့မှာ ဈေးကောင်းမရသဖြင့် စိုက်ရကျိုးမနပ်၊ တွက်ခြေမကိုက် ဖြစ်နေကြရသည်။

"သက်ဆိုင်ရာတို့က မိမိတို့ဒေသထွက်သီးနှံများကို ဈေးကောင်းရအောင် ဆောင်ရွက်ပေးနိုင်ကြပါစေသတည်း"ဟူ၍သာ ဆုတောင်းနေမိသည်။

ဇာဟောရွာသားများ စိုက်ပျိုးသမျှ သီးနှံများ ဈေးကောင်းရ၍ ချမ်းသာကြွယ်ဝကြပါစေသော်. . . ။

# ဗလမင်းထင်. . .အင်လုံအင်နန်မှ. . .သည်

မြင့်စိုး(နတလ)

**၂၀၁၂ ခုနှစ်၊ မေလ ၁၁ ရက်နေ့ ဝိုင်းမော်သို့**

မွန်းလွဲ ၂ နာရီလောက်မှာ ကျွန်တော်တို့ လိုက်ပါလာတဲ့ယာဉ်တန်းဟာ ဗလမင်းထင်တံတားကြီးကို ဖြတ်နေပါပြီ။ မြစ်ကြီးနားမြို့ တည်းခိုရိပ်သာကနေ စထွက်လာကတည်းက ကားမောင်းရင်း စကားတွေတဖောင်ဖောင် ပြောလာလိုက်တဲ့ သူငယ်ချင်း။ တံတားမဖြတ်ခင်အထိတော့ ကျွန်တော့်ခေါင်းက တညိတ်ညိတ်ပေါ့။ တံတားအလယ်လောက်ရောက်တော့ ကျွန်တော့်အကြားအာရုံတွေ ပျောက်သွားပြီး ဝိုင်းမော်ဘက်အခြမ်း၊ ဧရာဝတီမြစ်ကမ်းနဖူး တစ်လျှောက် တည်ထားတဲ့စေတီလေးတွေကို ဖူးမြော်နေလိုက်မိပါတယ်။ တချို့က ထုံးသင်္ကန်းဖွေးဖွေး၊ တချို့က ရွှေရောင်တဝင်းဝင်းနဲ့ တင့်တယ်သပ္ပာယ်ခြင်းများစွာနဲ့ရယ်ပါ။ ဧရာဝတီမြစ်ရေအလျဉ်ကလည်း ခက်တရော်ကြမ်းတမ်းခြင်း အလျှင်းမရှိ။အေးအေးငြိမ့်ငြိမ့် ကြွန္တေ့ရရ။ တံတားအောက်မြင်ကွင်းမှာတော့ စက်လှေကလေး တစ်စင်း၊ နှစ်စင်းလောက်ပဲ ဖုတ်ချက်ဖုတ်ချက်နဲ့ ဟိုဟိုဒီဒီသွားလို့နေလေရဲ့။ တံတားပေါ်စဖြတ်ကတည်းက မြင်ကွင်းက ရှင်းလွန်းနေတယ်။ လူတွေလည်းရှင်း၊ ကားတွေလည်းရှင်း။

ဗလမင်းထင်တံတားကြီးကတော့ ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့က မြင်ကွင်းကို ပြန်လည်မှန်းဆပြီး တမ်းတမ်းတတဖြစ်နေပေလိမ့်မယ်လို့ ကျွန်တော်တွေးဖြစ်အောင် တွေးလိုက်မိသေး။ အဲဒီနေ့က တံတားဖွင့်ပွဲနေ့လေ။ များပြားလိုက်တဲ့ လူတွေ လူတွေ။ တချို့က ဂျိန်းဖော၊ တချို့က မရူ၊ တချို့က ရဝမ်၊ ဟောဟိုဘက်မှာက လီဆူးနဲ့ လာချိတ်။ အဇီးလည်းပါသေးရဲ့။ ဒါတွေပဲလားဆိုတော့ ဘယ်ဟုတ်ပါမလဲ။ ရှမ်းတွေ၊ နာဂတွေ၊ ဗမာတွေလည်း ပျော်လို့ မော်လို့။ သူတို့ဟာ ကချင်တိုင်းရင်းသားမဟုတ်ပေမယ့် တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ တစ်အူထုံ့ဆင်း သွေးချင်းတွေမို့ ကချင်ပြည်နယ်ရဲ့ အထင်ကရ သည်တံတားကြီးဖွင့်ပွဲမှာ ဂုဏ်ယူမဆုံးဖြစ်ကြပေမပေါ့။ နိုင်ငံတော်အကြီးအကဲတွေနဲ့ ကချင်တိုင်းရင်းသားခေါင်းဆောင်တွေဟာ တံတားကြီးထိပ်မှာ လက်ချင်းချိတ်ပြီး ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ခဲ့ကြတာ ဒါဟာ ဘယ်တော့မှ ပျောက်ပျက်မသွားတဲ့ မှတ်တမ်းတစ်ခု။

**အင်လုံအင်နန်မှ. . . သည်**

အင်လုံအင်နန်ဟာလည်း ကျွန်တော့်ရင်ထဲမှာ စွဲစွဲမြဲမြဲ ရှိနေတဲ့ မှတ်တမ်းတစ်ခုပါပဲ။ အင်လုံအင်နန်ဆိုတဲ့ ကချင်ရိုးရာ မလေ့(ကောက်သစ်) ညစာစားပွဲကို စပြီးသတိထားမိတာက ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ မြစ်ကြီးနားမြို့ မလိခရိပ်သာမြက်ခင်းပြင်မှာ ကျင်းပခဲ့စဉ်က ဖြစ်ပါတယ်။ သည်တုန်းကတည်းက အင်လုံအင်နန်ဟာ ငြိမ်းချမ်းခြင်းရဲ့ နိမိတ်ပုံ တစ်ခုအဖြစ် ကျွန်တော်လေးစားနှစ်ခြိုက်ခဲ့မိပါတယ်။ မလိခရိပ်သာ မြက်ခင်းပြင်မှာပဲ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့ ည ၇ နာရီအချိန် ငြိမ်းဖောင်ဒေးရှင်းက တည်ခင်းဧည့်ခံတဲ့ ကချင်ရိုးရာ အင်လုံအင်နန်(ကောက်သစ်) ညစာစားပွဲကို ကျင်းပပြုလုပ်ခဲ့ပါသေးတယ်။ သည်တစ်ခါမှာတော့နိုင်ငံတော်အစိုးရအကြီးအကဲတွေအပြင် ငြိမ်းချမ်းရေး အကျိုးဆောင်လူကြီးတွေ၊ ကချင်ပြည်နယ် အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်းနဲ့အဖွဲ့ဝင်တွေ၊ ကချင်ပြည်နယ်အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင် ဦးလမုန်တူးဂျိုင်နဲ့ အဖွဲ့ဝင်တွေ၊ ငြိမ်းဖောင်ဒေးရှင်း ဥက္ကဋ္ဌ သိက္ခာတော်ရ ဒေါက်တာဆဘွဲဂျမ်နဲ့အဖွဲ့ဝင်တွေ၊ သိက္ခာတော်ရဆရာတွေ၊ ခရစ်ယာန်အသင်းတော်မှ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ အထူးဖိတ်ကြားထားသူတွေအပြင် ထူးခြားနေတာက မွန်ပြည်သစ်ပါတီ၊ ကယန်းပြည်သစ်ပါတီ၊ ကရင်နီ အမျိုးသားဒီမိုကရက်တစ်ပါတီ၊ ကယားပြည်နယ်လူမျိုးပေါင်းစုံ လွတ်မြောက်ရေး တပ်ဦးတို့မှ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ကရင်၊ မွန်၊ ချင်း၊ ကယား၊ ‘ဝ’ တိုင်းရင်းသားငြိမ်းချမ်းရေးအကျိုးဆောင်တွေ တက်ရောက်ခဲ့ကြပါတယ်။

အဲ့ဒီညစာစားပွဲမှာ နှစ်သစ်မင်္ဂလာနှုတ်ခွန်းဆက်စကား ပြောကြားတဲ့အခါ ဦးလမုန်တူးဂျိုင်က **“မိမိတို့သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်၍ လူမျိုးမရွေး၊ ဘာသာမရွေး မိမိတို့အားလုံး စည်းလုံးညီညွတ်စွာဖြင့် အချင်းချင်း စိတ်ရင်းစေတနာမှန်ကန်စွာလက်တွဲပြီး နှစ်သစ်ဆီသို့ ချီတက်ကြပါစို့”**လို့ ဖိတ်ခေါ် ပြောကြားသွားခဲ့ပါတယ်။ ဦးစခုန်တိန့်ယိန်းကလည်း **“မိမိတို့ တိုင်းရင်းသားအသီးသီး နိုင်ငံတော်နှင့်လက်တွဲဆောင်ရွက်နေသကဲ့သို့ နိုင်ငံရေး ပါတီများ၊ နိုင်ငံရေးသမားများကလည်း တပ်မတော်နှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်၍ ပြီးပြည့်စုံသော ငြိမ်းချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ကြမည်ဆိုလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာပေါ်တွင် အသာယာဆုံး၊ အတိုးတက်ဆုံး၊ စည်းလုံးညီညွတ်မှု အကောင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဟု မမှိတ်မသုန် ယုံကြည်ပါကြောင်း၊ နိုင်ငံတော်အစိုးရဦးဆောင်လျက် ပြည်သူများ၏ စားဝတ်နေရေး၊ အေးချမ်းသာယာရေးအတွက် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်နှင့်အညီ တိုင်းရင်းသား လူမျိုးအားလုံးသည်လည်း အခွင့်အရေးမျှတစွာ ခံစားရမည်ဟု ယုံကြည်ထားပါကြောင်း”** ပြောကြားသွားခဲ့ပါတယ်။ ဒါ့ကြောင့်



အင်လုံအင်နန်ရဲ့ ပုံရိပ်တွေဟာ ငြိမ်းချမ်းခြင်းရဲ့ နိမိတ်ပုံအဖြစ် ကျွန်တော့်ရင်ထဲမှာ စွဲမြဲဖြစ်တည်နေခဲ့တာ ဆယ်စုနှစ်တစ်ခု ကျော်ခဲ့ပေါ့။

**ဒုတိယမြောက် မြစ်ကြီးနားခရီးစဉ်**

ကချင်ပြည်နယ်အတွင်းမှာ နယ်မြေလုံခြုံရေး အခြေအနေကြောင့် ကျေးရွာအသီးသီးကနေ တိမ်းရှောင်လာတဲ့ မိသားစုတွေကို ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး ၂၀၁၁ ခုနှစ် ဇွန်လကနေ ယနေ့အထိ ကူညီစောင့်ရှောက်မှုများပေးလာခဲ့တာ တစ်နှစ်နီးပါးရှိလာပြီဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့များ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့များ ပူးပေါင်းပြီး သူတို့နေထိုင်ဖို့ အဆောက်အအုံတွေ လေလုံမိုးလုံပြည့်စုံလုံလောက်မှုရှိအောင်၊ နေ့စဉ်စားသုံးရမယ့် ရိက္ခာ (ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အာဟာရမှုန့်) သန့်ရှင်းသော သောက်သုံးရေ၊ မိသားစုအသုံးအဆောင်ပစ္စည်း၊ သုံးစွဲဖို့ ငွေကြေးကအစ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းခေါင်းဆောင်ပြီး အဖွဲ့ဝင်အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဘုန်းဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ဦးခက်ထိန်နန်နဲ့ ဦးစံထွန်း၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးရိုးမူ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် အစရှိတဲ့ ပုဂ္ဂိုလ်တွေပါဝင်တဲ့ အဖွဲ့နဲ့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကလည်း မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ မိုးမောက်၊ မံစီမြို့များကို ရောက်ခဲ့ပြီး ကူညီထောက်ပံ့မှုများပေးခဲ့ပါသေးတယ်။ ဒီတစ်ခါ ထူးခြားတာက ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေ၊ ကိုယ်စားလှယ်တွေ စုံစုံလင်လင် လိုက်ပါလာခြင်းပါပဲ။ UNOCHA မှ Ms.Babra အပါအဝင် UNICEF၊ WFP၊ UNDP၊ UNHCR၊ ICRC က ပုဂ္ဂိုလ်များဟာ ကယ်ဆယ်ရေးစခန်းတွေကို အတူလိုက်ပါကြည့်ရှုကြတာမို့ လိုအပ်တာတွေ တွေ့လာရင် အဖွဲ့ခေါင်းဆောင်က ချက်ချင်းညှိနှိုင်း ပေါင်းစပ်ပေးပါတယ်။ မြစ်ကြီးနားမြို့ မှာရှိနေတဲ့ အမှတ် (၁) နဲ့ အမှတ်(၂) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း နှစ်ကျောင်းကိုသွားတော့လည်း သူတို့ပါတာပဲ။ Ms. Babra ကဆိုရင်အမှတ်(၁) ကျောင်းက ကျောင်းသူလေးတွေကို အားပေးနှုတ်ဆက်စကား ပြောကြားရာမှာ သူငယ်စဉ်က မိဘတွေဟာ အရမ်း ဆင်းရဲပါတယ်. . တဲ့။ လူမှုဘဝဆင်းရဲလွန်းတဲ့အတွက် သမီးကို ပညာကြိုးစားသင်ယူဖို့ မိဘတွေက အမြဲတိုက်တွန်းဆုံးမပါတယ်တဲ့။ ဒါ့ကြောင့် သူမဟာ ပညာကို ကြိုးစားသင်ယူခဲ့လို့ အခုလို ကမ္ဘာတစ်လွှား သွားလာလုပ်ရှားရင်း တာဝန်တွေ ထမ်းရွက်နိုင်တာဖြစ်တယ်. . တဲ့။ သမီးတို့လည်း ကြိုးစားကြပါ။ နိုင်ငံတစ်နိုင်ငံမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍဟာ ကြီးမားကျယ်ပြန့်ပါတယ်လို့ ရင်းရင်းနှီးနှီး အားပေးပြောကြားသွားပါတယ်။ နောက်တစ်ခါဆုံရင် မြန်မာလိုပြောကြမယ်။ သူ့ကို မြန်မာစကားသင်ပေးပါလို့လည်း ပြောသွားလိုက်သေး။ WFP က ဒုတိယဌာနေကိုယ်စားလှယ် Mr. Gullaume Foliots ကလည်း ဂျန်မိုင်ကောင်းနှစ်ခြင်းအသင်းတော် ကယ်ဆယ်ရေးစခန်းမှ တိမ်းရှောင်မိသားစုတွေနဲ့ တွေ့ဆုံစဉ် ကျွန်တော်အခမ်းအနားမစခင် ထမင်းစားဆောင်ထဲကို သွားကြည့်တော့ ညစာက အဆင်သင့်ဖြစ်နေပြီ။ စားလို့ကောင်းမယ့်ပုံပဲဗျ။ ကျွန်တော်စကား ကြာကြာပြောလို့ မဖြစ်တော့ဘူးဆိုပြီး နောက်နောက် ပြောင်ပြောင်ရယ်ရယ်မောမော ပြောဆိုအားပေးသွားတာမို့ တိမ်းရှောင်မိသားစုတွေဟာလည်း အခိုက်အတန့်ကာလလေးမှာ ဘဝအမောတွေ ပြေလို့ပေါ့။

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ တိမ်းရှောင်လာတဲ့ မိသားစုများကို နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်မှု၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ ပူးပေါင်းပါဝင်မှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များရဲ့ ကူညီထောက်ပံ့မှုတို့နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က ကော်မတီများ ဖွဲ့စည်းလျက် ၂၀၁၁ခုနှစ် ဇွန်လမှစပြီး ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်စောင့်ရှောက်ခဲ့တာဟာ ၇-၅-၂၀၁၂ ရက်နေ့ အထိကယ်ဆယ်ရေးစခန်း ၆၅ ခု မှာ အိမ်ထောင်စု ၅၇၄၄ စု၊ ကျား ၁၀၃၉၆ ဦး၊ မ ၁၃၁၁၇ ဦး လူဦးရေ စုစုပေါင်း ၂၃၅၁၃ ဦးကို စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့ဟာ ယင်းခရီးစဉ်အတွင်း မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်၊ ဂျန်မိုင်ကောင်းနှစ်ခြင်းအသင်းတော် ကယ်ဆယ်ရေးစခန်း၊ ရှမ်းစုရပ်ကွက် ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ကယ်ဆယ်ရေးစခန်း၊ စီတာပူရပ်ကွက် ဆွတ်ငိုင်တောင် ကယ်ဆယ်ရေးစခန်း၊ ဝိုင်းမော်မြို့နယ် မိုင်းနားအေဂျီ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး တွေ့ဆုံအားပေးစကားများ ပြောကြားခဲ့ပါတယ်။

အဲ့ဒီလိုတွေ့ဆုံပြီး စခန်းအလိုက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ရာမှာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ငွေကျပ်သိန်း ၃၅၀၊ ဗလာစာအုပ် ၂၃၀၀ ဒါဇင်နှင့် စာရေးကိရိယာများ၊ ကျောင်းဝတ်စုံ (အဖြူ/ အစိမ်း)အစုံ ၁၅၀၀၊ Multi system ၁၄ လက်မ ရုပ်မြင်သံကြားပြစက် ၁၂ လုံး၊ 3KVA မီးစက် နှစ်လုံး၊ Wheel Chair နှစ်ခုတို့ကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကယ်ဆယ်ရေးစခန်းများအတွက် ဆန်ဖိုးငွေ ၄၀ ဒသမ ၈ သိန်း၊ အိမ်မိုးသွပ် ၁၄၀၀ ချပ်နှင့် ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး ပါဝင်သည့် မိသားစုအရေးပေါ်သုံးပစ္စည်းများကို လည်းကောင်း၊ UNDP မှ CDRT စီမံကိန်းဆိုင်ရာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် ရင်းနှီးထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကျောင်းဝတ်စုံ(အဖြူ/အစိမ်း) အစုံ ၁၄၀၀ နှင့် ဓာတ်ဆားထုပ်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) အနေဖြင့်လည်း ကယ်ဆယ်ရေးစခန်းအသီးသီးသို့ တစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အာဟာရမှုန့်များကို ၂၀၁၁ ခုနှစ် ဩဂုတ်လမှ စတင်ထောက်ပံ့ပေးခဲ့တာမို့ ပထမအကြိမ်ကနေ အဋ္ဌမအကြိမ် ၂၇-၄-၂၀၁၂ ရက် နေ့အထိ ထောက်ပံ့ပေးခဲ့တဲ့ စားနပ်ရိက္ခာ စုစုပေါင်းဟာ ဆန် ၁၃၉၂ ဒသမ ၈၁၁ တန်၊ ဆီ ၉၁ ဒသမ ၆၄၈ တန်၊ ဆား ၁၅ ဒသမ ၂၈၉ တန်၊ ပဲ ၁၈၁ ဒသမ ၄၁၄ တန်၊ အာဟာရမှုန့် ၁၂ ဒသမ ၃၈၃ တန် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

၂၀၁၂ ခုနှစ် မေလ ၁၂ ရက်နေ့အထိ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်မှုနှင့်ပတ်သက်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ စာရင်းချုပ်အရပစ္စည်းတန်ဖိုး ၃၀၉၃ ဒသမ ၆၇ သန်း၊ ငွေသားကျပ် ၄၃၁ ဒသမ ၂၂ သန်း စုစုပေါင်း ငွေကျပ် သန်းပေါင်း ၃၅၂၄ ဒသမ ၈၉ သန်းဖြစ်ကြောင်း သိရှိရပါတယ်။

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီများ စနစ်တကျဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိရာ ကယ်ဆယ်ရေးစခန်းအသီးသီးမှာ ရောက်ရှိနေတဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၄၈၈ ဦးအတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်များ၊ ယာယီစာသင်ဆောင်စသည်တို့ ပြည့်စုံလုံလောက်စွာရရှိရေး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်။

ဒီခရီးစဉ်မှာပဲ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဟာ မြစ်ကြီးနားမြို့ရှိ အမှတ်(၁) နှင့် အမှတ်(၂) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကို သွားရောက်ပြီး ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခဲ့ပါတယ်။ ဒါ့အပြင် မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးနှင့် အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင် (၃၀၀) တို့ကို သွားရောက်ပြီးတော့လည်း ဆေးပဒေသာပင်အလှူငွေကျပ်သိန်း ၃၀ စီ၊ ဆေးဝါးပစ္စည်းများ၊ 3KVA မီးစက်နှင့် Wheel Chair များ ပေးအပ်လှူဒါန်းကာ လူနာဆောင်များအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါတယ်။

ယခုတစ်ခေါက်ခရီးစဉ်မှာ ကူညီထောက်ပံ့ခဲ့တာတွေ၊ ယခင် ဖေဖော်ဝါရီ လခရီးစဉ် ထောက်ပံ့မှုတွေ၊ ခြုံငုံပြောရရင် ၂၀၁၁ ခုနှစ် ဇွန်လကနေ ယနေ့အချိန်အထိ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ၊ ကချင်ပြည်နယ်အစိုးရ၊ UN အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များ စတာတွေရဲ့ကူညီထောက်ပံ့မှုအားလုံးဟာ လတ်တလောအချိန်ကာလတစ်ခုမှာ မိသားစုဝင်များရဲ့ ယာယီလိုအပ်ချက်အတွက်သာ ဖြစ်ပါတယ်။ တိမ်းရှောင် မိသားစုဝင်များနဲ့ ကချင်ပြည်နယ်သူ ပြည်နယ်သားအားလုံးအတွက် အဓိကလိုအပ်ချက်ဟာ ငြိမ်းချမ်းရေးပါပဲ။ ၁၉၉၄ ခုနှစ်ကနေ ၂၀၁၁ ခုနှစ် ဇွန်လအထိ ၁၇ နှစ်တိုင်တိုင် ပြည့်ပြည့်ဝဝခံစားရပြီးဖြစ်တဲ့ ငြိမ်းချမ်းရေးရဲ့ အရသာကို သိနေသူတိုင်းအခုလို အခြေအနေမျိုးက ဆေးခါးကြီး တစ်ခွက် လက်ထဲကိုင်ထားရသလို ဖြစ်နေပါပြီ။ မျက်စိစုံမှိတ်ပြီး သောက်ချလိုက်မှာလား၊ ရဲရဲဝံ့ဝံ့သွန်ပစ်ကြမှာလား။ အားလုံးကို မှန်မှန်ကန်ကန် သုံးသပ်ရပ်တည်ဖို့တော့ လိုနေတာ အမှန်ပါပဲ။ ကျွန်တော့်စိတ်ရင်းအတိုင်းပြောရရင် ကချင်ပြည်နယ်မှာ အရင်ကလို မနောပွဲတော်တွေ၊ ကောက်သစ်စားပွဲတော်တွေကို ပျော်ပျော်ရွှင်ရွှင် ဝှဲချီးကျင်းပနေတာ မြင်ချင်ပါတယ်။ ရေခဲတောင်ကြီးတွေရဲ့အလှ၊ မြစ်ဆုံရဲ့အလှ၊ ကမ္ဘာကျော်တွင်းထွက်ပစ္စည်းတွေရဲ့ ကျော်ကြားထင်ရှားမှုတွေနဲ့ပဲ ကချင်ပြည်နယ်ရဲ့ ဂုဏ်သတင်းကို မွှေးပျံ့စေချင်တာပါ။ ကယ်ဆယ်ရေးစခန်းတွေကို အကြောင်းပြုပြီး ကမ္ဘာကသိသွားတဲ့ ကချင်ပြည်နယ်ဆိုတာကြီးနဲ့တော့ ဂုဏ်မယူချင်ပါဘူးဗျာ။ ။



# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေးကို အဓိက ဦးတည်ချက်ချမှတ်၍ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့ပူးပေါင်း၍ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအထူးပြုဇုန်များ၊ မွေးမြူရေးဇုန်များ သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇုန်အလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန် အစီအမံများကို အလျင်အမြန်အရှိန်အဟုန်မြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအား အလေးထားဆောင်ရွက်ကြရန် ယနေ့နံနက် ၁၀ နာရီခွဲတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရန်နိုင်စိုး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သိန်းနှင့် သမဝါယမဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းကော်မတီများဖွဲ့စည်း၍ မူဝါဒများချမှတ်ကာ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အပြောင်းအလဲရှိစေကာမူ ချမှတ်ထားခြင်း မူဘောင်များမှန်ကန်လျှင် စဉ်ဆက်မပြတ် တိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း၊ ကျေးရွာများအလိုက် ဖွဲ့စည်းထားသော အစုအဖွဲ့များအား လိုအပ်သော နည်းပညာသင်တန်းများ ပို့ချရေး၊ မျိုးမြှင့်တင်ရေးကိစ္စရပ်များကို ဌာနမှဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စီမံချက်ရေးဆွဲရေးကိစ္စရပ်များကို ဌာနနှင့်အစုအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံချက်ရေးဆွဲရာတွင် လက်တွေ့နယ်ပယ်နှင့်ကိုက်ညီသော စီမံချက်ဖြစ်ရန်နှင့် စီမံချက် Framework ကောင်းမွန်ရန် လိုအပ်ကြောင်း၊ စီမံချက်ကောင်းမွန်လျှင် အောင်မြင်မည်ဖြစ်ကြောင်း၊ လိုအပ်သော နည်းပညာအကူအညီများနှင့် ချေးငွေရရှိရေးကိစ္စရပ်များကို ဝန်ကြီးဌာနများက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)





## အမှာစကားပြောကြား

**သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)



# ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား KOREA GAS CORPORATION ဒုတိယဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၅**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ကိုရီးယားသမ္မတနိုင်ငံ KOREA GAS CORPORATION မှ Vice President Kim Byung-Joo ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ဓါတ်ပုံ)** မြန်မာနိုင်ငံတွင် KOREA GAS CORPORATION ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရေနံဓာတုအခြေခံစက်ရုံသစ်များ တည်ဆောက်၍ Dimethyl Ether (DME) ကဲ့သို့သော ရေနံထုတ်ကုန်သစ်များ ထုတ်လုပ်လိုကြောင်းနှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို သိရှိလိုကြောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြောင်းလဲကျင့်သုံးနေသော စီးပွားရေးမူဝါဒများနှင့်အညီ နိုင်ငံတော်မှ ပုဂ္ဂလိကကဏ္ဍအား ဖွံ့ဖြိုးတိုးတက်အောင် အားပေးလျက်ရှိကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် Joint Venture ဆောင်ရွက်ခြင်းထက် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ စက်ရုံ/အလုပ်ရုံသစ်များ တည်ထောင်လုပ်ကိုင်နိုင်ကြောင်း၊ ဝန်ကြီးဌာနက စက်မှုလုပ်ငန်းများအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများနှင့် အနာဂတ်အလားအလာများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**ရန်ကုန် မေ ၂၅**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော South-East Asia Pipeline Company Limited သည် ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းအရှေ့ဘက် မဒဲကျွန်းမှ ကျောက်ဖြူဆိပ်ကမ်းသို့ ... 

မဒဲကျွန်းမှ ကျင်းရီတောင်သို့သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် Dredger Dharti-XXIV နှင့် Dredger Dharti- XI တို့ဖြင့် ဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် တည်နေရာများဖြစ်သော Gas Pipeline Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၆ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်၊ Oil Pipeline Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၆ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့်နှင့် Optical Fibre Cable Start Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၀ မိနစ် ၅၅ စက္ကန့်၊ End Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ မိနစ် ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၄ မိနစ် ၀၃ စက္ကန့် အထိအား ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားခဲ့ပြီးဖြစ်သည်။

အဆိုပါ ရမ်းဗြဲကျွန်းအရှေ့ဘက် မဒဲကျွန်းမှ ကျင်းရီတောင်သို့ သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလကြေညာသတ်မှတ်ထားသည့်နေ့ရက်တွင် အချိန်မီပြီးစီးနိုင်ခြင်းမရှိပါသဖြင့် တိုင်းတာရေးလုပ်ငန်းများကို မေ ၃၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းအရှေ့ဘက် မဒဲကျွန်းမှ ကျင်းရီတောင်သို့သွယ်တန်းမည့် ရေအောက်ပိုက်လိုင်းလမ်းကြောင်းအား Trenching နှင့် Backfilling လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် Dredger Dharti-XXIVနှင့် Dredger Dharti- XI တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လမ်းကြောင်းတစ်လျှောက် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

# ဗီယက်နမ်အသံလွှင့်ဌာန ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လေ့လာ

**နေပြည်တော် မေ ၂၅**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အသံလွှင့်ဌာန (Voice of Vietnam) မှ Director,Mr. Nguyen Chu Nhac ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့သွားရောက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝမ်းနှင့်တွေ့ဆုံပြီး စုဝေးခန်းမ၊ ရေဒီယိုတိုင်းရင်းသား အစီအစဉ်ခန်း၊ အသံသွင်းစတူဒီယို၊ ရိုက်ကူးရေးစတူဒီယို၊ ရေဒီယို ပင်မထိန်းချုပ်ခန်းနှင့် အသံလွှင့်ခန်း၊ ရေဒီယို အသံတည်းဖြတ်ခန်းနှင့် ရုပ်သံသတင်းရိုက်ကူးခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)



**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်အသံလွှင့်ဌာန (Voice of Vietnam) မှ Director, Mr. Nguyen Chu Nhac ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)

# ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ပျော်ဘွယ်မြို့နယ်၌ ကျင်းပ

**နေပြည်တော် မေ ၂၅**

ပျော်ဘွယ်မြို့နယ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးလှစိုးက ပညာရေးကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသော ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိ အခြေခံပညာမူလတန်းအဆင့် ပြဋ္ဌာန်းစာအုပ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ပညာရေးမှူးထံသို့လည်းကောင်း၊ ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးစံငြိမ်းထံသို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# KIA လက်နက်ကိုင်အဖွဲ့ ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းရှိ တာဝါတိုင်များအား ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

KIA လက်နက်ကိုင်အဖွဲ့က မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည့် ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၇၃)၊ (၂၀၆)၊ (၂၀၇)နှင့် (၂၀၈)တို့အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဝန်ထမ်းများက အမြန်ပြုပြင်ပြီးစီးနိုင်ရေးအတွက် ဝန်ထမ်းအင်အား ၁၆၆ ဦးဖြင့် ဆောင်ရွက်ခဲ့ရာ တာဝါတိုင်များသို့ လုပ်ငန်းသုံးပစ္စည်းများအားလုံး ရောက်ရှိပြီးဖြစ်ကာ တာဝါတိုင်အမှတ် (၇၃)သည် (၈၀)ရာခိုင်နှုန်း၊ တာဝါတိုင်အမှတ် (၂၀၆)၊ (၂၀၇)၊ (၂၀၈)တို့သည် ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ မေလကုန်တွင် ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် လက်ရှိဖြည့်တင်းလည်ပတ်နေသော မီးစက်များအပြင် ပြည်ပမှ ထပ်မံမှာယူထားသော 500KVA မီးစက် ငါးလုံး၊ 300KVA မီးစက်ခြောက်လုံးသည် မေ ၂၃ ရက်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ညတွင်းချင်း ရန်ကုန်မြို့သို့ 500KVA နှစ်လုံး၊ မန္တလေးမြို့သို့ 500KVA နှစ်လုံး၊ 300KVA ခြောက်လုံး၊ ပြည်မြို့သို့ 500KVA တစ်လုံးတို့အား မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ရာ မေ ၂၄ ရက်မွန်းလွဲပိုင်းတွင် ရောက်ရှိနေရာချထားပြီး လိုအပ်သောနေရာများတွင် နေရာချထားပြီးဖြစ်၍ အမြန်ဆုံး လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



KIA လက်နက်ကိုင်အဖွဲ့၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် နမ့်ခမ်း-မူဆယ် ၆၆ကေဗွီ ဓာတ်အားလိုင်းရှိ H-Pole ကွန်ကရစ်ဓာတ်တိုင်အမှတ် (၂၄၉) ပျက်စီးနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

# KIA လက်နက်ကိုင်အဖွဲ့ ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ၆၆ ကေဗွီ နမ့်ခမ်း-မူဆယ် ဓာတ်အားလိုင်းရှိ H-Pole ကွန်ကရစ်တိုင်အမှတ် ( ၂၄၉ )ပျက်စီး

**နေပြည်တော် မေ ၂၅**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ နမ့်ခမ်း-မူဆယ် ၆၆ ကေဗွီ ဓာတ်အားလိုင်းရှိ H-Pole ကွန်ကရစ် ဓာတ်တိုင်အမှတ် (၂၄၉)သည် အနည်းငယ်တိမ်းစောင်းနေကြောင်း ယနေ့နံနက်ပိုင်းတွင် ဒေသခံတာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ တာဝန်ရှိသူများသည် ဒေသခံတာဝန်သိပြည်သူများနှင့်အတူ H-Pole ကွန်ကရစ်ဓာတ်တိုင်အမှတ်(၂၄၉)အား သွားရောက်စစ်ဆေးခဲ့ရာ KIA လက်နက်ကိုင်အဖွဲ့၏ ဖျက်ဆီးမှုကြောင့် ကွန်ကရစ်တိုင် တစ်ဖက်သည် အောက်ခြေမှ တစ်ပေခွဲခန့်နေရာတွင် ပြတ်ကျပြီး အင်္ဂတေများပဲ့ကျကာ အတွင်းရှိ သံချောင်းများ ကွေးလိမ်သွားခဲ့ကြောင်း၊ ကျန်အခြားတစ်ဖက် ကွန်ကရစ်တိုင်တွင်လည်း မိုင်းဟု ယူဆရသော မသင်္ကာဖွယ်ရာပစ္စည်းများ တွေ့ရှိရသဖြင့် နယ်မြေခံတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ရှင်းလင်းလျက်ရှိကြောင်း၊ အဆိုပါ H-Pole ကွန်ကရစ်ဓာတ်တိုင်အား အမြန်ဆုံးပြုပြင်ရန် စီစဉ်လျက်ရှိကြောင်းနှင့် KIA လက်နက်ကိုင်အဖွဲ့က ယင်းသို့ တာဝါတိုင်များအား ဖောက်ခွဲဖျက်ဆီးခြင်းအားဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုကို ထိခိုက်လျော့နည်းမှုဖြစ်ပေါ်စေပြီး ပြည်သူလူထုအတွက် အခက်အခဲများ ပိုမိုဖြစ်ပေါ်စေလျက်ရှိကြောင်း အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ရပ်ထားသော ထော်လာဂျီကို ဆိုင်ကယ်ဝင်တိုက် နှစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ရေစကြို မေ ၂၅**

ဓာတ်ဆီထည့်ရန်ရပ်ထားသော ထော်လာဂျီအား သုံးဦးတွဲစီးလာသော ဆိုင်ကယ်က နောက်မှ အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိရာ နှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိသွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ မေ ၂၃ ရက် ည ၇ နာရီခွဲက ဖူလုံရွာအနီးတွင် စိန်ပွင့် (၂၂)နှစ်မောင်းနှင်ပြီး နောက်တွင် ဇော်ထက်(၁၅)နှစ်နှင့် မင်းဇော် (၁၈)နှစ်တို့အား တင်ဆောင်လာသော ၂ဃ/၉၉၉၃ ကမ်ဘိုအနက်ရောင်ဆိုင်ကယ်သည် မုံရွာ-ရေစကြို ကားလမ်းအတိုင်း မုံရွာဘက်မှ ရေစကြို (အနောက်မှအရှေ့)သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၂၆) အနီးအရောက်တွင် ဓာတ်ဆီထည့်ရန်ရပ်ထားသော ထော်လာဂျီကို အရှိန်ပြင်းစွာဝင်ရောက်တိုက်မိရာ စိန်ပွင့်နှင့် ဇော်ထက်မှာရရှိသော ဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ မင်းဇော်မှာ ဒဏ်ရာရရှိပြီး ရပ်ထားသော ထော်လာဂျီမှာ မောင်းနှင်ထွက်ပြေးသွားသဖြင့် ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ စိန်ပွင့်နှင့် အမည်မသိ ထော်လာဂျီယာဉ်မောင်းတို့အား ရေစကြိုရဲစခန်းမှ အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

ယခုဖြစ်စဉ်တွင် ရပ်ထားသော ထော်လာဂျီမှာ မောင်းနှင်ထွက်ပြေးမည့်အစား ယာဉ်မောင်းအနေဖြင့် ဖြစ်စဉ်အမှန်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းသင့်ကြောင်းနှင့် ယခုကဲ့သို့ မောင်းနှင်ထွက်ပြေးသည့်အတွက် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုနှင့် သံသယဖြစ်ဖွယ်များဖြစ်ပေါ်လာနိုင်ဖွယ်ရှိကြောင်း ဥပဒေဝန်ထမ်းတစ်ဦးက သုံးသပ်ပြောကြားသည်။(၃၇၄)

# ကလေးငယ်တစ်ဦး ရေဆင်းကူးရာမှ ရေနစ်သေဆုံး

**အင်းစိန် မေ ၂၅**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ဗဟိုလမ်း မီးရထားဝင်းနေ ဦးအောင်စိုး-ဒေါ်ခင်စန်းဝင်းတို့၏ သားဖြစ်သူ မောင်ကျော်ဇင်ဦး (၆)နှစ်သည် မေ ၂၃ ရက် မွန်းလွဲ ၂ နာရီခန့်က ကြို့ကုန်းအရှေ့ရပ်ကွက် (၁)လမ်း(မြောက်) တိမ္မေးကုဝင်း ငါးမွေးမြူရေး ရေကန်အတွင်း ရေဆင်းကူးရာ ရေနစ်သေဆုံးသွားခဲ့သည်။

သေဆုံးမှုနှင့်ပတ်သက်၍ အလောင်းအား အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်ပြီး အင်းစိန်ရဲစခန်းမှ ဒုတိယရဲအုပ် လွန်းအောင်ဆန်းက အလောင်းအမှတ် PR-04၊ သေမှုသေခင်းအမှတ် ၃၇/၂၀၁၂ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၆၈၄)

# Old Star အသင်းနှင့် Actor Star အသင်းတို့ ဖူဆယ်သရုပ်ပြ အထူးခြေစမ်းပွဲကစားမည်

**ရန်ကုန် မေ ၂၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူး၍ Ayeyarwady Bank မှ Title Sponsor အဖြစ်ပံ့ပိုးပြီး Best Auto မှ Main Sponsor အဖြစ် ပံ့ပိုးကာကျင်းပမည့် MFF AYA Futsal Cup 2012 ဖူဆယ်ဘောလုံးပြိုင်ပွဲကို လာမည့်မေ ၂၈ ရက်နံနက်ပိုင်းတွင် သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ စတင်ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယင်းနေ့နံနက် ၈ နာရီတွင် ခမ်းနားစွာကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲများမစမီ နာမည်ကြီး မြန်မာ့လက်ရွေးစင်ဟောင်းများပါဝင်သည့် Old Star အသင်းနှင့် ရုပ်ရှင်/ဗီဒီယို သရုပ်ဆောင်များပါဝင်သော Actor Star အသင်းတို့မှ ဖူဆယ်သရုပ်ပြအထူးခြေစမ်းပွဲ ကစားကြမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဟောင်းများပါဝင်သည့် Old Star အသင်းတွင်ငွေခေတ်နာမည်ကြီး ဘောလုံးသမားဟောင်းများဖြစ်သော သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ တင်မြင့်အောင်၊ ကြည်လွင်၊ ကျော်မင်းတို့အပြင် အောင်ထွန်းထွန်း၊ သက်နိုင်၊ ဌေးမြင့်၊ ထွန်းထွန်းထက်၊ မောင်မောင်ဌေး၊ ညွှန့်ဝင်း၊ မောင်မောင်မြင့်၊ ကိုကိုအောင်၊ သက်နိုင်စိုးနှင့် ဟန်မင်းထွဋ်တို့ပါဝင်ပြီး Actor Star အသင်းတွင် သူထူးစံ၊ မြင့်မြတ်၊ ထွန်းထွန်း၊ ကျော်ကျော်ဗို၊ ဇာနည်၊ မိုးယံဇွန်၊မင်းသွေး၊ထူးသာ၊ ညီဂျော်၊ ဖိုးတာနှင့် ရူပတို့ ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။ (ဇော်မင်းအောင်)

**နိုင်ငံတကာ အနုပညာရပ်ဝန်း** | **အောင်မင်းစိုး**

# အင်ဒိုနီးရှားတွင် ဖျော်ဖြေခွင့်ရပါ့မလား လေဒီဂါဂါ

ကမ္ဘာကျော်ပေါ့ပ်ဂီတ ငွေကြယ်ပွင့် လေဒီဂါဂါ**(ယာပုံ)**သည် ၎င်း၏ "Born This Way Ball" ဟု အမည်ပေးထားသော ကမ္ဘာလှည့်ဖျော်ဖြေရေးခရီးစဉ်အရ ယခုအခါ အာရှနိုင်ငံများတွင် လှည့်လည် ဖျော်ဖြေလျက်ရှိသည်။ ယင်းသို့ လှည့်လည်ဖျော်ဖြေရာတွင် လေဒီဂါဂါ၏ လျှပ်ပေါ်လော်လည် ဝတ်စားဆင်ယင်မှုနှင့် ပုရိသယောကျ်ားတို့၏ ဖိုစိတ်ကို နိုးကြွစေသည့် လေဒီဂါဂါ၏ အကအလှများကြောင့် လူငယ်များ လမ်းမှားမရောက်စေရန် အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့က လေဒီဂါဂါ၏ ဖျော်ဖြေရေးခွင့်ပြုချက် တောင်းခံမှုကို ငြင်းဆိုခဲ့သည်။



ယခုအခါ အင်ဒိုနီးရှား ခရီးသွားလာရေးနှင့် စီးပွားရေးဖော်ဆောင်မှုဝန်ကြီးဌာနက အမေရိကန်ပေါ့ပ်အဆိုတော် လေဒီဂါဂါ၏ လာမည့် ဇွန် ၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်၌ ကျင်းပမည့် ဂီတဖျော်ဖြေပွဲ ကျင်းပရေးအတွက် ထောက်ခံခဲ့ပြီး အဆိုပါဝန်ကြီးဌာနက ဖျော်ဖြေရေးခွင့်ပြုချက်ထုတ်ပေးရန် အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့သို့ ထောက်ခံချက်ပေးခဲ့သည်ဟု ဒေသဆိုင်ရာ သတင်းမီဒီယာများက မေ ၂၄ ရက်တွင် ရေးသားဖော်ပြသည်။

အင်ဒိုနီးရှားခရီးသွားလာရေးနှင့် စီးပွားရေး ဖော်ဆောင်မှုဝန်ကြီးဌာန ယဉ်ကျေးမှု၊ အနုပညာနှင့် ရုပ်ရှင်လုပ်ငန်းညွှန်ကြားရေးမှူးချုပ်က လေဒီဂါဂါ၏ ဂီတဖျော်ဖြေပွဲ ကျင်းပရေး အေဂျင်စီ Big Daddy Entertainment က အင်ဒိုနီးရှားအမျိုးသား ရဲတပ်ဖွဲ့၏ ခွင့်ပြုချက်ပေးရန် မိမိတို့က ဝန်ကြီးဌာနမှ ထောက်ခံချက်ပေးရန် တောင်းဆိုခဲ့သောကြောင့် ထောက်ခံချက်ထုတ်ပြန်ပေးခဲ့ကြောင်း ဂျကာတာပို့စ် သတင်းစာသို့ ပြောကြားသည်။

အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့က ဂီတဖျော်ဖြေပွဲအတွက် မိမိတို့၏ ခွင့်ပြုချက်ထုတ်ပြန်မပေးမီ Big Daddy အေဂျင်စီအနေဖြင့် အင်ဒိုနီးရှား အယ်လ်မာကောင်စီနှင့် သာသနာရေးဝန်ကြီးဌာန၏ ထောက်ခံချက် လိုအပ်မည်ဟု ဆိုသည်။ ယင်းဌာနနှစ်ခုစလုံးက ထောက်ခံချက်ထုတ်ပေးရန် ငြင်းဆိုထားသည်။ ထို့ပြင် အမျိုးသားရဲတပ်ဖွဲ့က ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူ့စွမ်းအားနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနတို့ထံတွင်လည်း ထောက်ခံချက် တောင်းဆိုထားသည်။

လူ့စွမ်းအားနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက လေဒီဂါဂါ ဖျော်ဖြေပွဲအတွက် ထောက်ခံချက်ထုတ်ပေးရန် ပြဿနာမရှိဟု ဆိုသည်။ လေဒီဂါဂါ၏ ဂီတဖျော်ဖြေပွဲအတွက် အင်ဒိုနီးရှား သက်ဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် ခေါင်းချင်းဆိုင် ဆွေးနွေးလျက်ရှိသည်။

***အင်တာနက်။***

**နိုင်ငံတကာ အားကစားသတင်းများ** | **နိုင်လင်းကြည်**

# ဘာစီလိုနာမှ ဒန်နီအဗက်အားခေါ်ယူရန် မန်စီးတီးအသင်း အသင့်ရှိနေ

**မန်ချက်စတာ မေ ၂၅**

ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းသည် စပိန်ကလပ် ဘာစီလိုနာအသင်းမှ ညာနောက်ခံကစားသမား ဒန်နီအဗက်အား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ပရီမီယာလိဂ်သို့ခေါ်ယူရန် အသင့်အနေအထားတွင် ရှိနေသည်ဟု ဆိုသည်။

မန်စီးတီးအသင်းသည် အသက်(၂၉)နှစ်အရွယ်ရှိ ဘရာဇီးကြယ်ပွင့် ဒန်နီအဗက်အား ၎င်းတို့အနေဖြင့် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းဖြင့် ကမ်းလှမ်းခဲ့သည်။



***ဘာစီလိုနာနောက်တန်းကစားသမား ဒန်နီအဗက်။***

မန်စီးတီးအသင်းနည်းပြ ရောဘတ်တိုမန်စီနီသည် ပရီမီယာလိဂ်ဖလားကို ၄၄ နှစ်ကာလအတွင်း ပြန်လည်ရယူနိုင်ခဲ့ပြီးနောက် လာမည့်ဘောလုံးရာသီတွင် အသင်းအောင်မြင်မှု ရရှိရေးအတွက် ကစားသမားအင်အား ထပ်မံဖြည့်တင်းရန် ပြင်ဆင်ထားသည်နှင့်အညီ ဘာစီလိုနာအသင်းမှ ဒန်နီအဗက်အား ခေါ်ယူရန် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

စပိန်အင်အားကြီးကလပ်များဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် နှစ်စဉ် ဘောလုံးရာသီ မတိုင်မီ အပြောင်းအရွှေ့ကာလတွင် ကစားသမားနှစ်ဦး သို့မဟုတ် သုံးဦးကို ဈေးကြီးပေး၍ ခေါ်ယူတတ်သည်ဖြစ်ရာ မန်စီးတီးအသင်းနည်းပြ မန်စီနီအနေဖြင့်လည်း ချန်ပီယံလိဂ်နှင့် ပရီမီယာလိဂ်တို့တွင် ပါဝင်ကစားရာ၌ အသင်း၏ကစားသမားအင်အား တောင့်တင်းရန် လိုအပ်၍ စပိန်အင်အားကြီး အသင်းများနည်းတူ ကစားသမားကောင်းများကို ဈေးကြီးပေးဝယ်ယူရန် ဝန်လေးနေမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။***အင်တာနက်။***

# စပါးအသင်းက အိုင်းယက်အသင်းမှ ဟတ္တန်ဂန်အား ပေါင် ၉ ဒသမ ၆ သန်းဖြင့် ခေါ်ယူစာချုပ်တော့မည်ဟုဆို

လန်ဒန် မေ ၂၅

**တော့တင်ဟမ်ဟော့စပါးအသင်းဥက္ကဋ္ဌ ဒန်နီရယ်လီဗီသည် အိုင်းယက်အသင်းမှ နောက်တန်းကစားသမား ဂျန်ဟတ္တန်ဂန်အားခေါ်ယူရေးအတွက် အိုင်းယက်ငွေကြေးဆိုင်ရာ ညွှန်ကြားရေးမှူး ဂျာရိုမီစလော့နှင့်ဆွေးနွေး ပွဲပြုလုပ်ရန် အမ်စတာဒမ်မြို့သို့ လေကြောင်းခရီးဖြင့်သွားရောက်ခဲ့ပြီး ဟတ္တန်ဂန်အား ပြောင်းရွှေ့ကြေးပေါင် ၉ ဒသမ ၆ သန်းဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။**

အိုင်းယက်အသင်း၏ အားထားရသည့် နောက်တန်းကစားသမား ဟတ္တန်ဂန်အနေဖြင့်လည်း လန်ဒန်အခြေစိုက် အသင်းဖြစ်သည့် စပါးအသင်းသို့ ယခုနှစ်နွေရာသီ အပြောင်းအရွှေ့တွင် သွားရောက်ကစားရန် အသင့်ရှိကြောင်း ပြောကြားခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဟတ္တန်ဂန်သည် အိုင်းယက်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသော်လည်း ဟယ်ရီရက်နက်ကိုင်တွယ်သည့် စပါးအသင်းနှင့် သဘောတူညီချက်ရရှိတော့မည်ဖြစ်ပြီး စပါးအသင်းမှ ကစားသမားများကလည်း ဟတ္တန်ဂန်အား ကြိုဆိုနေပါကြောင်း စပါးအသင်းနည်းပြ ဟယ်ရီရက်နက်က ပြောကြားခဲ့သည်။



***အိုင်းယက်အသင်းခေါင်းဆောင် ဟတ္တန်ဂန်။***

ဟတ္တန်ဂန်အနေဖြင့် စပါးအသင်းသို့ သွားရောက်ကစားရမည်ကို နှစ်သက်မိကြောင်းနှင့် စပါးအသင်း အနေဖြင့်လည်း မိမိအား အမြန်ခေါ်ယူရန်ပြင်ဆင်နေကြောင်း၊ ၂၀၁၁ ခုနှစ်က အိုင်းယက်အသင်း၏ ဒုတိယအသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခံခဲ့ရပြီး ၂၀၁၂ ခုနှစ်တွင် အသင်းခေါင်းဆောင်ဖြစ်လာခဲ့သော်လည်း ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် စပါးအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ထားကြောင်း ဟတ္တန်ဂန်က ထုတ်ဖော်ပြောကြားခဲ့သည်။

***အင်တာနက်။***

*အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး*

# ရွှေထုတ်လုပ်မှုလုပ်ငန်း၊ လုပ်ကိုင်သည့် ကုမ္ပဏီများအတွက် သတိပေးကြော်ငြာချက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေသတ္တုအသေးစား ထုတ်လုပ်မှု လုပ်ငန်းအား စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွှေသတ္တုအသေးစားတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ပေးသွင်းရမည့် (၁၄)ပဲရည်နှင့်အထက် ရွှေစင်သတ္တုများ သတ်မှတ်ချက်အတိုင်း ပေးသွင်းရမည်ထက် လျော့နည်းပေးသွင်းခြင်း၊ လုံးဝပေးသွင်းမှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်သို့ရွှေစင်သတ္တုများပေးသွင်းရန် ကျန်ရှိနေကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အကြောင်းကြားခဲ့ပါသည်။ အလားတူ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည့်(၁၆) ပဲရည် ရွှေစင်သတ္တုများကို ပေးသွင်းရန် အချို့သောကုမ္ပဏီများမှ ကျန်ရှိနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ ကုမ္ပဏီများအနေဖြင့် အထက်ပါ ဘဏ္ဍာရေးနှစ်များအတွင်း လုပ်ငန်းသဘောတူစာချုပ်ပါ သတ်မှတ်ထားသည့် ရွှေစင်သတ္တုများ အပြည့်အဝ ပေးသွင်းရန် တာဝန်ရှိသည့်အလျောက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထွေထွေမန်နေဂျာရုံးနှင့် တာဝန်ခံရုံးများမှ အကြိမ်ကြိမ်နှိုးဆော်အကြောင်းကြားခဲ့သော်လည်း ကုမ္ပဏီများမှ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်သတ္တုများအား ၁၈-၅-၂၀၁၂ရက်အထိ ပေးသွင်းခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၄-၅-၂၀၁၂ ရက်မှ ၃၀-၅-၂၀၁၂ ရက်အတွင်း အောက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုမ္ပဏီများသည် ပေးသွင်းရန် ကျန်ရှိသည့် ရွှေစင်သတ္တုများအား အပြီးပေးသွင်းသွားရန်နှင့် ပေးသွင်းခြင်းမရှိပါက တည်ဆဲတရားဥပဒေများ၊ လုပ်ငန်းစာချုပ်တွင် ပါရှိသည့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း အရေးယူ ဆောင်ရွက်သွားမည့်အပြင် သက်ဆိုင်ရာ ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်း (Black List) ကြေညာသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ကချင်ပြည်နယ်**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကံကောင်းသောပဒုမ္မာ | ဦးလှထူး | ၂၈.၅၀ |
| ၂ | ကမ္ဘာ့ခြေလှမ်း | ဦးဘောက်ဆိုင်း | ၂၀.၀၀ |
| ၃ | ကြယ်ဝါ | ဦးဂျာဂွန်း | ၃၄.၅၀ |
| ၄ | ကျောက်စိမ်းဘုရင် | ဒေါ်ဂျာဘူး | ၁၃.၃၈ |
| ၅ | ကောင်းမြတ်ပြည့်စုံ | ဦးဇော်လိ | ၁၉.၃၈ |
| ၆ | ခင်ရတနာအောင် | ဦးဝင်းမြင့်ဆွေ | ၂၃၉.၆၉ |
| ၇ | ခရအိမ် | ဒေါ်ယိမ်းနမ် | ၄၂.၅၀ |
| ၈ | ချမ်းမြေ့ | ဦးကျော်စိုး | ၄၁.၂၅ |
| ၉ | ဂျာရှုဂေါင်း | ဦးချန်ခေါ | ၂၈.၇၅ |
| ၁၀ | ဂိုတ်လင်း | ဦးရွက်ဇော်ခေါင်း | ၂၃၀.၈၁ |
| ၁၁ | စဉ်ကြိုင် | ဒေါ်ခေါင်းနော် | ၂၁.၂၅ |
| ၁၂ | စိုပြေအောင် | ဦးရုံစိန် | ၃၀.၆၃ |
| ၁၃ | စိမ်းမြတ်မွန် | ဦးစိုးနိုင် | ၁၅.၉၄ |
| ၁၄ | ဆွေရတနာ | ဒေါ်လွဲ့လွဲ့ဆွေ | ၉၂.၈၁ |
| ၁၅ | ဇေယျာလှိုင် | ဦးတင်ဝင်း | ၅၄.၃၈ |
| ၁၆ | တွယ်ဆန် | ဦးဇော်ဝင်း(ခ)ဦးပဲအောင် | ၃၅.၃၁ |
| ၁၇ | တိမ်နဂါးနှစ်ကောင် | ဦးချင်းဖာ | ၇၉.၁၃ |
| ၁၈ | ထက်ကောင်းကျော် | ဦးယဉ်ထွေး | ၂၂၄.၇၅ |
| ၁၉ | ထွန်းတင့်ရွှေဝါ | ဦးတင်ဦးမောင် | ၂၀.၆၃ |
| ၂၀ | ထက်ဝေဖြိုး | ဦးအောင်လ | ၃၂.၈၁ |
| ၂၁ | ထွန်းလွဲ့ခိုင် | ဦးတင်မောင်ညွှန့် | ၂၃.၄၄ |
| ၂၂ | ထွန်းထွန်းအောင် | ဦးအောင်နိုင်ဦး | ၂၈.၁၃ |
| ၂၃ | ထင်ပေါ်ကျော်ကြား | ဦးထွန်းလင်း | ၁၄၇.၄၄ |
| ၂၄ | နမ့်နာစံပြ | ဦးနေလင်းဦး | ၄၀.၀၀ |
| ၂၅ | နော့သင်းစတား | ဦးမြင့်သိန်း | ၃၃.၂၈ |
| ၂၆ | ပင်လယ်နေကြယ် | ဦးခမိုင်မုံဂမ်း | ၃၃၀.၆၃ |
| ၂၇ | ပန်းမြတ်မာလာ | ဒေါ်ခေါ်မိုင် | ၄၉.၅၆ |
| ၂၈ | ဖြိုးဝေသီရိ | ဦးတင့်ဆွေ | ၉၆.၁၃ |
| ၂၉ | မြောက်ပိုင်းသရဖူ | ဦးမိုးကျော်သူဆွေ | ၂၅.၇၅ |
| ၃၀ | မြန်မာနွယ်ဝင်း | ဦးဝင်းနိုင် | ၄၀.၉၄ |
| ၃၁ | မြန်မာအောင်မိုးဟိန်း | ဦးအောင်လှ | ၁၅.၀၀ |
| ၃၂ | မြောက်ပိုင်းတော်ဝင်မြေ | ဦးပါးရိုင်အောင် | ၂၁.၇၅ |
| ၃၃ | မြန်မာမိုးသောက်ကြယ် | ဦးတူးဂျာ | ၁၄.၀၉ |
| ၃၄ | မိုးသောက်ကြယ်မင်း | ဦးအောင်အောင်ဦး | ၁၈.၄၄ |
| ၃၅ | မြန်မာရွှေရတနာဟိန်း | ဦးမျိုးခင် | ၉.၃၈ |
| ၃၆ | မြန်မာကံ့ကော် | ဒေါ်အေးအေးဝင်း | ၅၉.၁၉ |
| ၃၇ | မြန်မာရွှေရတနာ | ဒေါ်ထူးရော် | ၉၃.၀၀ |
| ၃၈ | မိုးသောက်ကြယ်သစ် | ဦးခွန်စည်သူသွင် | ၃၂.၈၁ |
| ၃၉ | မြကိုးသွယ် | ဒေါ်ဟေမာ | ၃၀.၅၀ |
| ၄၀ | မြန်မာစံတော်ဝင် | ဦးသန်းနိုင် | ၁၁၄.၃၁ |
| ၄၁ | မင်းသိန်းကြီး | ဦးမောင်အေး | ၂၄.၃၈ |
| ၄၂ | မင်းမင်းမော် | ဒေါ်စန်းမြင့်မော် | ၄၆.၅၀ |
| ၄၃ | မနောရတနာ | ဦးမြင့်ဇော် | ၃၄.၆၉ |
| ၄၄ | ရွှေပစ်မှတ် | ဦးဖုန်းကျော်စိုး | ၅၁.၉၆ |
| ၄၅ | ရွှေပြည့်ဖြိုး | ဦးစက်မောင် | ၂၆.၂၅ |
| ၄၆ | ရွှေချစ်သူ | ဦးအေးသောင်း | ၃၆.၈၁ |
| ၄၇ | ရွှေခြူးသံသာ | ဦးငွားဝ | ၈၀.၇၂ |
| ၄၈ | ရွှေအောင်မိုင် | ဦးအောင်တူး | ၁၈၁.၉၁ |
| ၄၉ | ရွှေထူး | ဦးငွေး | ၃၂.၈၁ |
| ၅၀ | ရှင်ဗွေယန်တိုးတက်ရေး | ဦးဇော်ထွန်းအောင် | ၁၂၃.၃၄ |
| ၅၁ | ရွှေရတနာစိုး | ဦးစိုးမြင့်ထွန်း | ၂၆.၂၅ |
| ၅၂ | ရတနာဂုဏ်ဆောင်သုံးပန်လှ | ဦးကျော်ကိုကို | ၇.၅၀ |
| ၅၃ | ရွှေရတနာရွှေ | ဦးညဏ်လင်းထွန်း | ၃၉.၀၆ |
| ၅၄ | ရတနာလယ်မြေ | ဦးအောင်ကျော်မြင့် | ၇.၅၀ |
| ၅၅ | ရွှေရာသီ | ဦးကျော်ငွေး | ၁၀၄.၅၀ |
| ၅၆ | ရွှေတီထိုက် | ဦးဇော်မင်းထိုက် | ၁၈.၇၅ |
| ၅၇ | ရွှေဝင်းထက် | ဦးသက်နိုင်ကို | ၇၀.၆၃ |
| ၅၈ | ရွှေလရိပ် | ဦးကျော်ကိုကို | ၁.၈၈ |
| ၅၉ | ရွှေသိုက်စံ | ဒေါ်သီရိပြည့် | ၃၂.၅၀ |
| ၆၀ | ရှင်းသန့်ချမ်းသာ | ဦးခင်မောင် | ၃၂.၁၃ |
| ၆၁ | ရွှေပါရမီ | ဦးစောအေးချမ်း | ၁၇.၃၈ |
| ၆၂ | ရွှေခိုဝိုင်း | နန့်ဆီဆိုင်လုမိုင် | ၂၂.၅၀ |
| ၆၃ | ရွှေပြည်စကြာ | ဒေါ်စောစန္ဒာမြင့် | ၁၉.၆၉ |
| ၆၄ | ရွှေသပြေအောင် | ဦးမိုးခိုင် | ၂၅.၄၄ |
| ၆၅ | ရက္ခမူ | ဒေါ်အေးမြအောင် | ၁၁.၀၀ |
| ၆၆ | ရွှေဝန်ပေါင် | ဒေါ်တောင်နွယ် | ၁၅.၃၁ |
| ၆၇ | ရွှေဝင်းဝါရွှေ | ဦးတင်ငွေး | ၇.၅၀ |
| ၆၈ | ရွှေပွ | ဦးချစ်ကို | ၂၂.၅၀ |
| ၆၉ | ရွှေလင်းမာ | ဦးစိုင်းခမ်းလိတ် | ၃၃.၃၈ |
| ၇၀ | ရွှေနှင်းမှုံ | ဦးဇော်စိုင်း | ၉.၃၈ |
| ၇၁ | ရွှေတိုက်စိုး | ဦးအောင်ဇော်မိုး | ၉.၈၈ |
| ၇၂ | ရွှေဇမ္ဗူ | ဦးအောင်လွှန်းမောင် | ၁.၈၈ |
| ၇၃ | ရတနာဆုံမှတ် | ဦးစိုင်းကျော်ဝင်း | ၅၀.၂၅ |
| ၇၄ | ရွှေသိဒ္ဓိရှင် | ဦးထွန်းထွန်းလွင် | ၁၆.၀၀ |
| ၇၅ | ရွှေဆည်တော်ဝင် | ဒေါ်စီစီမြင့် | ၂၈.၁၀ |
| ၇၆ | ရောင်ခြည်နဂါး | ဦးအိုက်စန်း | ၄၁.၈၈ |
| ၇၇ | ရွှေတာပိန် | ဦးဉာဏ်သိမ်း | ၁၆၆.၂၆ |
| ၇၈ | ရွှေအသစ်စတင်ချိန် | ဦးမြင့်လွင် | ၂၆.၆၆ |
| ၇၉ | ရွှေမြန္မာ | ဦးနိုင်နိုင်ဦး | ၂၂.၃၉ |
| ၈၀ | ရွှေပင်လယ်နတ်သမီး | ဒေါ်မြတ်မြတ်ဆင့် | ၂၅.၃၁ |
| ၈၁ | ရာနှန်းပြည့် | ဦးတင်ငွေး | ၅၂၄.၃၈ |
| ၈၂ | ရွှေကဝါး | ဦးဆန်းကို | ၃.၀၀ |
| ၈၃ | လက်ရွေးစင် | ဦးယဉ်ကြားသိန်း | ၃၉.၈၈ |
| ၈၄ | လာဘ်မိုးလျှံ | ဦးအေးခိုင် | ၁၅.၆၃ |
| ၈၅ | လေးကျွန်းအောင်လံ | ဦးနေဖြိုးဟန် | ၇၁.၇၅ |
| ၈၆ | ဝေမြင့်စံသာ | ဦးမောင်မောင်မြင့်ဝင်း | ၇၂.၃၄ |
| ၈၇ | ဝင်းအိ | ဒေါ်မာလာဝင်း | ၇.၅၀ |
| ၈၈ | သမုဒ္ဒရာနတ်သမီး | ဦးနေမျိုး | ၉၅.၆၃ |
| ၈၉ | သိန်းထက်လျှံ | ဦးကျော်လင်းနိုင် | ၁၀၇.၅၀ |
| ၉၀ | သတ္တုစိမ်း | ဦးဇော်ဝင်းထွဋ် | ၇၃.၁၃ |
| ၉၁ | သိန်းသန်းသူ | ဦးခင်ဇော်လင်း | ၃၄.၇၅ |
| ၉၂ | ဟိန်းနိုင်စိုး | ဦးချစ်ကို | ၁၀၁.၈၁ |
| ၉၃ | အောင်မြင်ကံကောင်း | ဒေါ်သူသူငြိမ်း | ၃၅.၂၅ |
| ၉၄ | အစိမ်းရောင်နယ်မြေ | ဦးသန့်ကျော်ဇင် | ၆၂.၇၅ |
| ၉၅ | အမေ့ကျေးဇူး | ဒေါ်ဂျာစန်းခွမ်း | ၇၅.၁၃ |
| ၉၆ | အဏ္ဏဝါရွှေစင် | ဦးအေးချို | ၃၀.၀၀ |
| ၉၇ | အံ့ဖွယ်ကမ္ဘာ | ဦးခွန်စည်သူသွင် | ၂၆.၂၅ |
| ၉၈ | အားလက်ရုံး | ဒေါ်ခင်အိအိထွန်း | ၁၈.၇၅ |
| ၉၉ | အောင်သစ်လွင် | ဦးမြင့်ဇော် | ၄၅.၆၃ |
| ၁၀၀ | အောင်ငွေဦး | ဦးသက်နိုင်ဝင်း | ၈.၀၀ |
| ၁၀၁ | အောင်ပွဲဝင် | ဦးလင်းထူး | ၈၁.၂၅ |
| ၁၀၂ | အောင်ဟိန်းရှိန်ဖြိုး | ဦးမျိုးမြင့်ဦး | ၉၆.၈၈ |
| ၁၀၃ | အောင်မြင့်စံ | ဦးအောင်ဆန်းမြင့် | ၅၀.၃၁ |
| ၁၀၄ | အောင်မြင်သူ | ဒေါ်သွယ်သွယ်ငြိမ်း | ၄၆.၈၈ |
| | စုစုပေါင်း | | ၅၈၀၈.၂၇ |

**ကရင်ပြည်နယ်**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကျော်လွှမ်းမိုး | ဦးကျော်လွှမ်းမိုး | ၄၀၂.၅၀ |
| ၂ | စံပြရွှေ | ဦးဆွေလင်း | ၁၉၅.၀၀ |
| ၃ | မြတ်အိန္ဒြေ | ဒေါ်နန်းနုနုထွေး | ၁၁၅၃.၈၁ |
| ၄ | ယူနိုက်တက် KMK | ဦးခင်မောင်ကျော် | ၂၉၂.၅၀ |
| ၅ | ရွှေကျင်သား | ဦးမြမောင် | ၂၂.၅၀ |
| ၆ | ရတနာမင်း | ဦးနိုင်လင်းထွန်း | ၃၂.၅၀ |
| ၇ | ရာစုနှစ်တောက်ပသောရွှေ | ဦးကျော်သူရ | ၃၂.၅၀ |
| ၈ | အေးကိုမိသားစု | ဦးအေးကို | ၆၅၀.၀၀ |
| ၉ | ဥဒါန်းသစ် | ဒေါ်အိန္ဒြေမြတ်သူ | ၃၀၀.၀၀ |
| | စုစုပေါင်း | | ၃၀၉၁.၃၁ |

**စစ်ကိုင်းတိုင်းဒေသကြီး**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | (၁၁)ခုမြောက်ကြယ် | ဦးစိုးလွင် | ၃၉.၂၈ |
| ၂ | ကဝိမွန် | ဦးလှသွင် | ၂၁.၂၁ |
| ၃ | ကံကောင်းခြင်းထာဝရအားမာန် | ဒေါ်ယမင်းကေခိုင် | ၁၇၉.၃၈ |
| ၄ | ကဥ္စနဒေဝီ | ဦးတင်နွယ် | ၆၀.၅၅ |
| ၅ | ကံကောင်းသောအရှေ့ | ဦးရှင်ရီဘော | ၈၁.၆၆ |
| ၆ | ခုနှစ်နှစ်ခုနှစ် | ဦးတင်ရွှေ | ၁၉.၁၄ |
| ၇ | ခိုင်ရွှေငြိမ်းအေး | ဦးမောင်ခိုင် | ၁၀.၇၂ |
| ၈ | စွမ်းထက်ဝင်း | ဦးအောင်ဆန်းဝင်း | ၁၃.၃၈ |
| ၉ | စိန်ထက်ဝင်း | ဦးငွေးလွင် | ၅၂.၆၅ |
| ၁၀ | စိုးထက်ဝေ | ဦးစိုးနိုင် | ၄၅.၄၃ |
| ၁၁ | စိန်မြလွင် | ဦးစက်လွင် | ၄၂၆.၃၃ |
| ၁၂ | စံရွှေပြည် | ဦးမင်းဇော် | ၆၁.၈၂ |
| ၁၃ | စိမ်းရွှေဝါနဒီ | ဦးဝင်းကျော် | ၂၅၀.၉၁ |
| ၁၄ | စိန်ရွှေဖြူ | ဦးထွန်းထွန်းအောင် | ၁၂၈.၈၈ |
| ၁၅ | စိန်မိုးငွေး | ဦးညိုဆောင် | ၇.၅၀ |
| ၁၆ | ငွေးဝင်းထွန်း | ဦးတင်စိုး | ၂၆၈.၂၇ |
| ၁၇ | ဌာနေအောင် | ဦးမောင်မောင်တိုး | ၁၄၂.၅၆ |
| ၁၈ | ထွန်းရန်နိုင် | ဦးရန်နိုင် | ၃၅.၆၄ |
| ၁၉ | နှင်းရောင်မြေ | ဦးယဉ်ကျော် | ၁၇.၉၄ |
| ၂၀ | ပိုင်စိုးခန့် | ဦးစိန်ဝင်း | ၁၆.၀၇ |
| ၂၁ | ပင်လယ်နေကြယ် | ဦးခမိုင်မုံဂွမ်း | ၅၁.၀၅ |
| ၂၂ | ပြည်တန်ရတနာ | ဦးနိုင်အောင်လင်း | ၄၅.၃၈ |
| ၂၃ | ပန်းမြတ်မာလာ | ဒေါ်ခေါ်မိုင် | ၃၂.၆၃ |
| ၂၄ | ဖြူဝါရောင်ရွှေ | ဦးမြင့်သိန်း | ၈၉.၄၇ |
| ၂၅ | ဗိုလ်သိုင်းနှင့်ညီများ | ဦးသိုင်းဝင်း | ၁၀.၈၉ |
| ၂၆ | ဘူးဂါး | ဒေါက်တာလဂျာ | ၁၂၉.၉၈ |
| ၂၇ | မင်းဝင်းစိုး | ဦးမင်းစိုး | ၁၄၄.၆၀ |
| ၂၈ | မြန်မာစီးပွားဆက် | ဒေါ်စန်းသီတာစိုး | ၄၅.၄၅ |
| ၂၉ | မန္တလေးမိုင်းနင်း | ဦးရှိန်းထက်နောင် | ၃၃၅.၁၃ |
| ၃၀ | မြန်မာရှမ်းကျိုလုံ | ဦးအားခမ်း | ၁၁.၂၅ |
| ၃၁ | မှူးမြစ်ဖျား | ဦးထိန်ဝင်း | ၃၁.၇၂ |
| ၃၂ | မိုးဟိန်းထွန်း | ဦးငွေးဝင်း | ၄၇.၀၇ |
| ၃၃ | မြန်မာရွှေတံခါး | ဦးစန်းဝင်း | ၂၈.၂၃ |
| ၃၄ | မြန်မာရွှေသင်္ဂီ | ဦးကျင်မောင် | ၂၈.၃၂ |
| ၃၅ | မြန်မာမိုးသောက်ကြယ် | ဦးတူးဂျာ | ၁၇.၆၃ |
| ၃၆ | မိုးကြိုးခြင်္သေ့ | ဦးကျော်သူရ | ၁၀၁.၀၂ |
| ၃၇ | မြန်မာထိပ်တန်းရွှေ | ဦးမျိုးထွန်း | ၇၅.၀၀ |
| ၃၈ | မြင့်မြတ်သော တွင်းထွက်ကမ္ဘာ | ဦးဇေယျ | ၅၁.၉၆ |
| ၃၉ | မြန်မာရွှေဝါ | ဒေါ်ခရေမွှန် | ၄.၀၀ |
| ၄၀ | ရောင်ခြည်နဂါး | ဦးအိုက်စန်း | ၃၈.၉၅ |
| ၄၁ | ရှမ်းကတူး | ဦးစန်းလွင် | ၃၉၆.၁၆ |
| ၄၂ | ရတနာချင်းတွင်း | ဦးသိန်းအောင် | ၄၂၇.၃၂ |
| ၄၃ | ရွှေမဲဇာ | ဦးဝင်းအောင် | ၃၁.၂၇ |

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၄၄ | ရွှေစန္ဒီ | ဒေါ်စောကလျာ | ၃.၂၈ |
| ၄၅ | ရွှေတော် | ဦးခင်မောင်သန်း | ၂၁.၄၃ |
| ၄၆ | ရွှေပြည့်လျှံ | ဦးဇော်ဝင်းမောင် | ၃၇.၂၉ |
| ၄၇ | ရွှေစင်ကမ္ဘာ | ဦးဇော်တောင် | ၂၆.၇၂ |
| ၄၈ | ရှင်းသန့်အောင်မြင် | ဦးသက်တင် | ၁၁၆.၁၅ |
| ၄၉ | ရွှေမြနန္ဒာ | ဦးနိုင်နိုင်ဦး | ၁၄၁.၅၅ |
| ၅၀ | ရွှေဝတီ | ဦးခင်မောင်ဆွေ | ၆၈၆.၈၃ |
| ၅၁ | ရွှေစင်မိုး | ဒေါ်သိန်းဝင်း | ၃၆၉.၂၃ |
| ၅၂ | ရွှေစေတီဆိပ် | ဦးသောင်းတန် | ၂၆၂.၇၆ |
| ၅၃ | ရွှေနံ့သာအောင် | ဦးဖေမြင့် | ၁၄၁.၇၈ |
| ၅၄ | ရွှေပြည်စံအောင် | ဦးစံလှမောင် | ၁၂.၄၄ |
| ၅၅ | ရွှေကျော်ထွန်း | ဦးလှမြင့် | ၁၄.၂၃ |
| ၅၆ | ရွှေငုဝါရွှေ | ဒေါ်ရင်သောင်း | ၆၁.၅၉ |
| ၅၇ | ရွှေဝင်းထွန်းအောင် | ဦးနေဝင်းအောင် | ၁၉၃.၂၃ |
| ၅၈ | ရွှေတောင်ကြား | ဦးကျော်သူရ | ၅၈.၂၄ |
| ၅၉ | ရွှေစင်ဟိန်း | ဒေါ်ဖွေးအိမ္မွန် | ၆၄.၅၃ |
| ၆၀ | ရွှေတက်ရောင် | ဦးကျော်ဝင်းထူး | ၂၉.၂၆ |
| ၆၁ | ရွှေလက်ပံသာ | ဦးရန်ခိုလွန်း | ၁၇၂.၄၄ |
| ၆၂ | ရွှေချင်းတွင်း | ဒေါ်စိုးယုဝေ | ၁၀၅.၇၁ |
| ၆၃ | ရွှေသပြေမိုး | ဦးထွန်းကြည် | ၂၉.၃၃ |
| ၆၄ | ရွှေတိုးတက်အောင် | ဒေါ်အေးအေးသန်း | ၁၉.၁၆ |
| ၆၅ | ရွှေဆွေထွန်း | ဦးထွန်းစီ | ၄၉.၀၆ |
| ၆၆ | ရွှေကျော်မိုး | ဦးကျော်ညွန့် | ၁၉.၆၁ |
| ၆၇ | ရွှေစပါး | ဦးရှင်ဖူး | ၁၄၂.၃၉ |
| ၆၈ | ရွှေစိမ်းမြ | ဦးချိန်းဟိုင်း | ၁၂၅.၄၅ |
| ၆၉ | ရွှေသံတောင်မြောက်ပိုင်း | ဦးကိုကြီး | ၈၁.၇၂ |
| ၇၀ | ရွှေသမာဓိ | ဦးကျော်သူ | ၄၃.၃၁ |
| ၇၁ | ရွှေဝင်းဝင်းထွန်း | ဦးစိန်ဝင်းမောင် | ၆.၇၅ |
| ၇၂ | ရွှေတက်ဟိန်း | ဦးမရမ်ဂန် | ၁၀၆.၃၅ |
| ၇၃ | ရွှေထိပ်ပန် | ဦးငွေးလွင် | ၄၈.၇၅ |
| ၇၄ | ရွှေတိုး | ဒေါ်နန်းလှ | ၁၅.၅၀ |
| ၇၅ | ရွှေရောင်ကောင်းသောမိတ်ဆွေ | ဦးကျော်စိုး | ၁၄၄.၈၄ |
| ၇၆ | ရတနာလယ်မြေ | ဦးအောင်ကျော်မြင့် | ၁၀၈.၈၄ |
| ၇၇ | ရွှေတာပိန် | ဦးဘုဏ်သိန်း | ၄၁.၉၈ |
| ၇၈ | ရွှေပွား | ဦးအိုက်ရီ | ၉၃.၄၉ |
| ၇၉ | ရွှေဥက္ကာပျံ | ဦးဇော်မင်းထွန်း | ၇၃.၆၇ |
| ၈၀ | ရွှေအုပ်စိုး | ဦးသန်းထွဋ် | ၅၄.၇၈ |
| ၈၁ | ရွှေဝင့်ဝါအောင် | ဦးနိုင်ဦး | ၈၁.၉၈ |
| ၈၂ | ရွှေနွဲ့ခမ်း | ဦးအောင်မြင့် | ၂၉.၄၄ |
| ၈၃ | ရွှေမင်းကြီး | ဦးထန်းဖေ | ၆၇.၆၁ |
| ၈၄ | ရွှေမြရိပ် | ဒေါ်စုစုလှိုင် | ၁၁၀.၉၃ |
| ၈၅ | ရွှေငွေးဗမာ | ဦးဝေလွင်ကျော် | ၁၄၃.၈၈ |
| ၈၆ | လင်းလွဲ့စိမ်း | ဦးစိုးနိုင် | ၁၅၂.၆၁ |
| ၈၇ | လင်းဖြိုး | ဦးစိုင်းအောင်မြ | ၃.၇၅ |
| ၈၈ | ဝင်းဝါရွှေစင် | ဦးမြင့်ရောင် | ၁၇၆.၇၅ |
| ၈၉ | ဝင်းဇေရာဝတီ | ဦးလှတောင် | ၁၈၃.၈၁ |
| ၉၀ | ဝင်းနှင့်ပြည့်ဖြိုး | ဦးခင်ကျော် | ၁၈၀.၉၇ |
| ၉၁ | ဝီရိယစက်မှု | ဦးဇော်ဝင်းသိန်း | ၅၅.၂၀ |
| ၉၂ | ဝိုင်းမြင့်မြတ် | ဦးမြင့်ဝိုင်း | ၄၉.၁၇ |
| ၉၃ | သတ္တုစိမ်း | ဦးဇော်ဝင်းထွဋ် | ၁၃၀.၉၃ |
| ၉၄ | သလ္လာရွှေစင် | ဦးအောင်သိန်းမြင့် | ၂၀၀.၂၀ |
| ၉၅ | သုဝဏ္ဏရာဇာ | ဦးနု | ၃၉.၇၄ |
| ၉၆ | သိင်္ဂီရွှေစင် | ဦးအောင်သိန်းမြင့် | ၃၆.၂၃ |
| ၉၇ | သန်းထိုက်လူ | ဦးစန်းဝင်း | ၄၂.၃၅ |
| ၉၈ | သစ္စာမြေ | ဦးဟန်ဝင်းနိုင် | ၁၁.၂၅ |
| ၉၉ | သာလွန် | ဦးသန်းငွေး | ၅၈.၂၈ |
| ၁၀၀ | သီဟသန့်ဟိန်း | ဦးဘိုဘိုကျော် | ၂၂.၅၀ |
| ၁၀၁ | သံမဏိသခင် | ဦးလင်းထင် | ၂၉.၀၀ |
| ၁၀၂ | သီရိအောင်လှိုင် | ဦးသိန်းထွန်းအောင် | ၁၀၆.၂၄ |
| ၁၀၃ | ဟိန်းနိုင်စိုး | ဦးချစ်ကို | ၁၀၉.၀၃ |
| ၁၀၄ | ဟိန်းရာဇာ | ဦးတင်မောင်ဆွေ | ၁၁၀.၀၅ |
| ၁၀၅ | အေးအေးခိုင် | ဦးစိုးနိုင် | ၂၅၃.၉၉ |
| ၁၀၆ | အုံ့ဖွယ်ကမ္ဘာ | ဦးခွန်စည်သူသွင် | ၁၁၅.၈၆ |
| ၁၀၇ | အောင်ဇေယျတင်ထွန်း | ဦးခင်မောင်ဝင်း | ၃၄.၀၈ |
| ၁၀၈ | အောင်မြင့်စံ | ဦးအောင်ဆန်းမြင့် | ၁၂၉.၄၉ |
| ၁၀၉ | အောင်သုခလင်း | ဦးဝင်းထက်အောင် | ၅၃.၄၀ |
| ၁၁၀ | အောင်ဖူးပွင့် | ဦးအဲချို(ခ)အောင်သန်းမြင့် | ၅၂.၄၂ |
| ၁၁၁ | အောင်ဇမ္ဗူရာဇ် | ဦးမောင်မောင်လေး | ၃၆.၀၀ |
| ၁၁၂ | အကောင်းဆုံးရွှေ | ဦးသန်းမောင် | ၃၀.၄၆ |
| ၁၁၃ | အာရှအဆင့်မြင့် | ဦးစစ်သွေးမွန် | ၆၀.၀၀ |
| ၁၁၄ | ဧရာဝတီမြစ်ဖျား | ဦးချမ်လန် | ၁၀၇.၁၆ |
| ၁၁၅ | ဧရာရွှေဝါ | ဒေါ်ခင်နှင်းသန္တာ | ၂၀.၆၃ |
| | **စုစုပေါင်း** | | **၁၀၈၀၂.၈၃** |

**တနင်္သာရီတိုင်းဒေသကြီး**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ရွှေစင်တောင် | ဦးကျော်လွင် | ၁၅.၈၃ |
| ၂ | ရွှေဘုန်းသစ် | ဦးတင်ဇော်လင်း | ၄၈.၈၃ |
| | **စုစုပေါင်း** | | **၆၄.၆၆** |

**ပဲခူးတိုင်းဒေသကြီး**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ခမ်းဝါ | ဒေါ်ရီရီ | ၅၅.၁၃ |
| ၂ | တော်ဝင်ပါရမီ | ဦးသန်းထွဋ် | ၁၀.၀၀ |
| ၃ | မြတ်အိန္ဒြေ | ဒေါ်နန်းနုနုထွေး | ၁၂၀.၀၀ |
| ၄ | မြစိမ်းရောင်ကျွန်း | ဦးကျော်ချစ်ရှိန် | ၆.၀၀ |
| ၅ | ရွှေကျင်သား | ဦးမြမောင် | ၁၁၉.၈၀ |
| ၆ | အေးမြပြည့်စုံ | ဦးစိန်လှိုင် | ၂၉၆.၅၇ |
| ၇ | အောင်မြင်ချမ်းသာ | ဦးစောဘန်နီချစ် | ၆၅.၆၃ |
| | **စုစုပေါင်း** | | **၆၇၃.၁၂** |

**မန္တလေးတိုင်းဒေသကြီး(စဉ့်ကူးမြို့နယ်)**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | စိန်ငွေးရွှေ | ဦးစိန်မောင် | ၄၅.၀၀ |
| ၂ | စံဝင်းမိသားစု | ဒေါ်ခင်အုန်းမြင့် | ၄၅.၀၀ |
| ၃ | တောနော်ထူး | ဦးစောမောင်မောင် | ၄၀.၀၀ |
| ၄ | နီလာနှင်းဆီ | ဒေါ်ဝင်းကြွယ်ကြွယ် | ၂၀၂.၅၀ |
| ၅ | မေတ္တာရှင် | ဦးအောင်ကျော်ဝင်း | ၃၅.၆၃ |
| ၆ | ရွှေစစ်သည် | ဦးထွန်းမောင် | ၁၀.၃၀ |
| ၇ | ရွှေကျားမင်း | ဦးဝင်းထိန် | ၁၈.၆၉ |
| ၈ | ရတနာလယ်မြေ | ဦးအောင်ကျော်မြင့် | ၃၄၆.၉၂ |
| ၉ | ရွှေစံပယ်ဦး | ဒေါ်ရင်ရင်ရွှေ | ၄၀.၈၆ |
| ၁၀ | ရာသက်စံ | ဦးခင်ဇော် | ၄၅.၀၀ |
| ၁၁ | ရွှေပြည့်အိမ် | ဦးအောင်ဇင်ဖြိုး | ၄၇.၉၆ |
| ၁၂ | ရွှေဝင်းနိုင် | ဦးသိန်းနိုင် | ၅.၆၃ |
| ၁၃ | သိင်္ဂီအောင် | ဦးဖုန်းညွန့် | ၃၈.၉၁ |
| ၁၄ | အရှေ့တိုင်းသား | ဦးသန်းနိုင် | ၁၃၁.၂၇ |
| ၁၅ | Silver Wave | ဦးမင်းမင်းအောင် | ၂၉.၉၈ |
| | **စုစုပေါင်း** | | **၁၀၈၃.၆၅** |

**မန္တလေးတိုင်းဒေသကြီး(ရမည်းသင်းမြို့နယ်)**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကြယ်ငါးပွင့် | ဦးအိုက်ကျော် | ၉၁.၇၆ |
| ၂ | ကောင်းစက်မှုလက်မှု | ဦးစိုးဦးထိုက် | ၆၈.၈၅ |
| ၃ | ဂျူလိုင်မိုး | ဦးအောင်မျိုးဝင်း | ၄၀.၄၃ |
| ၄ | စူးစမ်းလေ့လာ | ဦးအုမာဖာရွတ် | ၃၀.၆၃ |
| ၅ | စိန်ထီးနန်း | ဦးထွန်းထွန်းဦး | ၂၂.၈၈ |
| ၆ | ဇေယျာလှိုင် | ဦးတင်ဝင်း | ၉၇.၅၀ |
| ၇ | တော်ဝင်ခနေ | ဦးမျိုးမြင့် | ၈၆.၇၂ |
| ၈ | နေရွှေငွေ | ဦးကျော်လွင် | ၁.၈၈ |
| ၉ | ပန်းမြတ်ရာဇာ | ဒေါ်ခင်မာလွင် | ၉၀.၅၀ |
| ၁၀ | ပန်းပွင့် | ဦးဝင်းကြည် | ၁၀၅.၉၄ |
| ၁၁ | မြကျွန်းညိုညို | ဦးကျော်ချစ်ရှိန် | ၂၆.၂၅ |
| ၁၂ | ရွှေရောင်ကောင်းကင် | ဦးမင်းကျော်အောင် | ၅၃.၁၃ |
| ၁၃ | ရွှေ ၂၁ရာစု | ဒေါ်အေးအေးဝင်း | ၄၆.၄၁ |
| ၁၄ | ရာမညအင်တာနေရှင်နယ် | ဦးနိုင်လရီကောင်း | ၆၀.၄၇ |
| ၁၅ | ရွှေရအောင်ပြည့် | ဦးဆန်းဝင်း | ၃၅.၃၁ |
| ၁၆ | ဝင်းမြိုင် | ဦးဝင်းမြိုင် | ၂၅.၈၈ |
| ၁၇ | သိဒ္ဓိရွှေစင် | ဒေါ်ကြည်ကြည်ဝင်း | ၄၇.၃၄ |
| ၁၈ | အေးငြိမ်းမွန် | ဦးမြင့်ဝင်း | ၉၂.၃၄ |
| ၁၉ | အောင်နေလ | ဦးမြင့်သိန်း | ၃၄.၆၉ |
| ၂၀ | အမြဲမှန် | ဦးခွန်ယု | ၃၅.၆၃ |
| | **စုစုပေါင်း** | | **၁၀၆၀.၃၅** |

**မန္တလေးတိုင်းဒေသကြီး(သပိတ်ကျင်းမြို့နယ်)**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ချိုရဲ | ဦးအေးကျန် | ၃၈.၈၁ |
| ၂ | ဂိုလ်းဝင်းနား | ဦးကျော်စိုး | ၁၁.၁၃ |
| ၃ | စိန်ထီးနန်း | ဦးထွန်းထွန်းဦး | ၆၇.၃၈ |
| ၄ | စိန်ဝါလင်း | ဦးစံလှ | ၂၀.၅၇ |
| ၅ | စိမ်းရတနာ | ဦးအေးကျန် | ၁၆.၈၈ |
| ၆ | ပြည့်ဖြိုးလင်းခိုင် | ဦးဘိုနီ | ၂၆.၀၀ |
| ၇ | ရွှေမြနန္ဒာ | ဦးနိုင်နိုင်ဦး | ၃၄.၅၅ |
| ၈ | ရွှေသီဟမြန်မာ | ဦးစန်းနိုင် | ၁၂.၃၉ |
| ၉ | ရွှေစိမ်းရောင် | ဦးလောက်စန်း | ၅၇.၄၈ |
| ၁၀ | ရှမ်းရိုးမအေးချမ်းရေး | ဦးစိုင်းမွန် | ၇.၇၃ |
| ၁၁ | ရွှေခြင်္သေ့ | ဦးကျော်တင်ဝင်း | ၃.၇၅ |
| ၁၂ | ဝေယံဦး | ဦးတင်မျိုးနွယ် | ၈၂.၅၀ |
| ၁၃ | ဟောင်တာ | ဦးဟောင်ဝင်းဟုန်(ခ)ဦးဝင်းဟောင် | ၂၀.၅၉ |
| ၁၄ | အောင်ရွှေငါး | ဒေါ်ရှောက်ထောက် | ၁၃.၁၃ |
| | **စုစုပေါင်း** | | **၄၁၃.၈၇** |

**မန္တလေးတိုင်းဒေသကြီး(သာစည်မြို့နယ်)**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ဆန်းလင်း | ဦးမြင့်ဦး | ၂၆.၈၈ |
| | **စုစုပေါင်း** | | **၂၆.၈၈** |

**မွန်ပြည်နယ်**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ပန်းပွင့် | ဦးဝင်းကြည် | ၂၂.၅၀ |
| ၂ | မိုးလွင် | ဒေါ်မိုးမိုးထွန်း | ၂၁.၇၇ |
| ၃ | ရွှေငွေရတနာကမ္ဘာ | ဒေါ်မြင့်မြင့်အေး | ၅၆.၂၅ |
| ၄ | အောင်နေလ | ဦးမြင့်သိန်း | ၁၄.၁၈ |
| | **စုစုပေါင်း** | | **၁၁၄.၇၀** |

**ရှမ်းပြည်နယ်**

| စဉ် | ကုမ္ပဏီအမည် | မန်နေဂျင်းဒါရိုက်တာ | ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား) |
|---|---|---|---|
| ၁ | ကျဆီး | ဦးကျဆီး | ၃၀.၅၀ |
| ၂ | ခုနစ်ခုသောရာစု | ဦးခွန်စည်သူသွင် | ၂၃.၁၃ |
| ၃ | ထက်ကောင်းကျော် | ဦးယဉ်ထွေး | ၂၃.၁၃ |
| ၄ | ပြည့်ထွန်းရှိန် | ဦးထွန်းရှိန် | ၁၉.၀၀ |
| ၅ | မြန်မာထာဝရတည်တံ့သော | ဦးခွန်စည်သူသွင် | ၂၃.၁၃ |
| ၆ | ရွှေကျွဲ | ဦးဇော်ဝင်း | ၈၆.၂၅ |
| ၇ | အောင်စစ်သွေး | ဦးခွန်စည်သူသွင် | ၂၃.၁၃ |
| ၈ | အောင်နိုင် | ဦးဘေစောချိန် | ၅၈.၇၅ |
| ၉ | ASA Mining | ဦးစိုင်းအောင်စိန် | ၇၆.၈၈ |
| | **စုစုပေါင်း** | | **၃၆၃.၈၈** |

**ဦးဆောင်ညွှန်ကြားရေးမှူး**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၅**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင် ဦးစိုးသိန်းတို့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ Lotte ဟိုတယ်၌ မေ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများ အသင်းညီလာခံသို့ တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးထွန်းကြည်၊ ဦးခင်ထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးသည် မေ ၂၀ ရက်တွင် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း၏ အဖွင့်ညီလာခံ၌ မိန့်ခွန်းပြောကြားခဲ့သည်။ မေ ၂၂ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ လီမြောင်ဘတ် တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး မေ ၂၄ ရက်တွင် ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ LEE, Kang Kook တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ အဖွဲ့ဝင် ဦးစိုးသိန်းနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ကျင်းပသည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်းညီလာခံသို့ တက်ရောက်ခဲ့ပြီး လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ချက်

၁။ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း လက်အောက်တွင် ဓာတ်အားပေးစက်ရုံ ၂၀ ရုံရှိပြီး စက်ရုံ ၁၈ ရုံမှာ နိုင်ငံပိုင်ဖြစ်ပါသည်။ ၎င်းစက်ရုံ ၁၈ ရုံမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားများအားလုံးကို နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းသို့ ရောင်းချပေးပါသည်။ မည်သည့်အခြားနိုင်ငံကိုမှ ရောင်းချခြင်းမရှိပါ။

၂။ ကျန်စက်ရုံနှစ်ရုံမှာ တရုတ်-မြန်မာ ဖက်စပ်ဆောင်ရွက်ခဲ့သော တာပိန်(၁) ဓာတ်အားပေးစက်ရုံနှင့် ရွှေလီ (၁) ဓာတ်အားပေးစက်ရုံ ဖြစ်ပါသည်။ တာပိန်(၁) ဓာတ်အားပေးစက်ရုံမှာ လုံခြုံရေးအခြေအနေများကြောင့် ၁၄-၆-၂၀၁၁ ရက်ကစပြီး ရပ်ဆိုင်းထားပါသည်။ ဓာတ်အားထုတ်လုပ်ပေးနိုင်ခြင်းမရှိပါ။

၃။ ရွှေလီ(၁)စက်ရုံမှာ စက်တပ်ဆင်အား (၆၀၀)မဂ္ဂါဝပ်ဖြစ်ပြီး ၅၀ ရာခိုင်နှုန်းဖြစ်သော မဂ္ဂါဝပ် ၃၀၀ ကို မြန်မာနိုင်ငံက သုံးစွဲနိုင်ပြီး ကျန်မဂ္ဂါဝပ် ၃၀၀ ကို တရုတ်နိုင်ငံက သုံးစွဲပါသည်။ ထိုသို့ သုံးစွဲရာတွင် နှစ်ဖက်လုံးသို့ ရွှေလီဖက်စပ်ကုမ္ပဏီမှ နှစ်စဉ်ဓာတ်အားထုတ်လုပ်ရောင်းချနိုင်ရေးအတွက် တစ်နှစ်စာ စာချုပ်ချုပ်ဆိုရောင်းချပေးခြင်းဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံမှသုံးစွဲနိုင်သော မဂ္ဂါဝပ် ၃၀၀ တွင် မူလစက်တပ်ဆင်အား ၆၀၀ မဂ္ဂါဝပ်၏ ၁၅ ရာခိုင်နှုန်းဖြစ်သော ၉၀ မဂ္ဂါဝပ်သည် စာချုပ်အရ အခမဲ့ရရှိသော Loyalty Power ဖြစ်သည်။ ထို့ပြင်စီမံကိန်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းရှယ်ယာအပေါ် ရရှိသော အကျိုးအမြတ်ငွေကိုလည်း နိုင်ငံတော်က Loyalty Share အဖြစ်ရရှိပါသည်။ Loyalty Power ဖြစ်သော ၉၀ မဂ္ဂါဝပ်ကို ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ မဟာဓာတ်အားလိုင်းသို့ တစ်ကီလိုဝပ်နာရီလျှင် ကျပ် ၂၀ နှုန်းဖြင့် ရောင်းချပေးပါသည်။ ကျန်ရှိသော မဂ္ဂါဝပ် ၂၁၀ ကို မဟာဓာတ်အားလိုင်းမှ ၎င်းတို့၏ လိုအပ်ချက်အပေါ် မူတည်၍ တစ်နှစ်ချင်းစာချုပ် (Power Purchasing Agreement) ချုပ်ဆို၍ ရွှေလီဖက်စပ်ကုမ္ပဏီမှ ဝယ်ယူပါသည်။ ရွှေလီဖက်စပ်ကုမ္ပဏီမှ လျှပ်စစ်ရောင်းဈေးမှာ မြန်မာဘက်/တရုတ်ဘက် ရောင်းဈေးတန်ဖိုးအတူတူဖြစ်ပြီး တစ်ကီလိုဝပ်နာရီလျှင် တရုတ်ယွမ်ငွေသုည ဒသမ ၁၈၉ ယွမ်ဖြစ်၍ မြန်မာကျပ်ငွေဖြင့်ဆိုလျှင် ၂၄ ဒသမ ၆၀ ကျပ်ခန့်ဖြစ်ပါသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✳**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူး Colonel Brey R - Sloan နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel William C- Dickey တို့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၅**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူး Colonel Brey R - Sloan နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel William C- Dickey တို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



# တောင်ငူမြို့ စစ်တောင်းမြစ်အတွင်းမှ ရှေးဟောင်းလှေကြီးတစ်စင်းတွေ့ရှိ

**တောင်ငူ မေ ၂၅**

**ကိုလွင် (ဆွာ)**

**တောင်ငူမြို့ စစ်တောင်းတံတားအထက် ကိုက် ၁၀၀ ခန့်အကွာ ရေအောက်အနက် ၁၅ ပေခန့်တွင် ရှေးဟောင်းလှေကြီးတစ်စင်းကို ရေငုပ်သမားများက ရှာဖွေတွေ့ရှိခဲ့ရာ အဆိုပါလှေကြီးကို မေ ၂၄ ရက် နံနက် ၉ နာရီခွဲ၌ ဆယ်ယူရေးလုပ်ငန်းများစတင်လုပ်ဆောင်ခဲ့သည်။**

ယင်းသို့ ဆယ်ယူရာတွင် ရေအောက်၌ စတင်တွေ့ရှိခဲ့သူ ဦးမောင်မောင်စိုး အလယ်ကျွန်းကျေးရွာနေသူနှင့် ရေငုပ်သမား ၂၀ ခန့်တို့က စက်လှေကြီးနှစ်စင်း၊ လှေငယ်လေးစင်းနှင့် သံမှုတ်စက်တို့ကို အသုံးပြု၍ နိုင်လွန်ဝင့်ကြိုးဖြင့် ကြိုးပမ်းဆယ်ယူခဲ့ကြသည်။

ရှေးဟောင်းလှေဆယ်ယူရေးလုပ်ငန်းကို တောင်ငူခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမင်းထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ပြီး သတင်းကြား၍ မြို့ပေါ်နှင့် အနီးဝန်းကျင်မှ လာရောက်ကြည့်ရှုသူများ အလွန်များပြားခဲ့သည်ကိုတွေ့ရသည်။ **(ဝဲပုံ)** လှေဆယ်ယူရေးလုပ်ငန်းမှာ အခက်အခဲများစွာရှိသော်လည်း ယင်းနေ့ညနေ ၆ နာရီတွင် ဆယ်ယူရရှိခဲ့ပြီး ရှေးဟောင်းလှေကြီးကို **စာမျက်နှာ ၇ ကော်လံ ၄ သို့ ❍**